
# ကြည်ပြာ့မှုအိမ်

# အနုသယမြို့ကလေးမှ
# ကမ်ဘာ့ကြီး







# အနုသယမြို့ အလွန် တစ်ဘူတာ

## အပိုင်း(၁)

မိုးရေတို့က ပြတင်းပေါက်မှန်ပေါ် မှုန်မှိုင်းစွာ ဖြတ်စီးလျက် ရှိသည်။ အခန်းသည် ထွန်းထား သော ဝါကျင့်ကျင့် မီးလုံး၏ အားနည်းဖျော့တော့လှသည့် မှိန်ပျပျ အလင်းရောင်သာလျှင် ရှိလေသည်။ မိုးရွာနေသဖြင့် အခန်းသည် ပို၍ အေးခဲကာ ကြောက်မက်ဖွယ်ကောင်းသော သိပ်သည်းမှု တစ်မျိုးဖြင့် အကျည်း တန်လျက် ရှိချေ၏ ။

တစ်ချက် တစ်ချက်တွင် ပြတ်လိုက်သော လျှပ်စီး၏ အရောင်အောက်၌ စူးရဲတောက်ပြောင်ကာ နားကျည်းမှုတို့ဖြင့် ဝင်းလက်နေသည့် အကြည့်တစ်စုံက အားကောင်းလျက်ရှိဆဲပင်၊ မိုးပေါက် ကျသံတို့သည်ပင် နားစည်ထဲ၌ ရှည်မျောစေးပျစ်နေသော ငိုချင်းချသံသဖွယ် ခြောက်ချားစေပြန်လျက်။

တစ်ချက် တစ်ချက် ခပ်ပြင်းပြင်း တိုက်လိုက်သည့်လေ ပါလာသဖြင့် ခန်းဆီးလိုက်ကာ ပြာလွင့်လွင့် သည်ပင်လျှင် ဂဲကာပျံကာ နေလေ၏ ။ မနိုင်မနင်း ပွင့်ထွက်လာသော သက်ပြင်းရှိုက်သံ တစ်ခုသည် အခန်းတွင်း၌ ကျယ်လောင်စွာ ပျံ့လွင့်သွားသည်။ ကုတင်ပေါ်၌ ပက်လက်ဖြစ်နေသော သူ၏ ခါးသီးစက်ဆုပ်ဖွယ် ဒဏ်ရာအနာတရ နေ့စွဲများ။

အရှုံး။

မကြားချင်ဆုံးသောစကား။ ဘယ်တုန်းကမှလည်း မကြားဖူးခဲ့သော စကား။ ကြားလည်း ကြားနိုင်လိမ့်မည် မထင်မှတ်ခဲ့မိသလို လက်ခံရယူသူဖြစ်လာလိမ့်မည်ဟု ဘယ်တုန်း ဘယ်အခါကမှ ယောင်၍ သော်မျှ မတွေးထင်ဖူးခဲ့။

နှလုံးအိမ်တည့်တည့်ဆီ မီးကျီ မီးပွားလွင့်စင်သလို

တဖျောက်ဖျောက်လွင့်စင်ကျလာသည့် ထိုးနှက်ချက်များ။

"ကျွန်မကို အဖြေတစ်ခု ပေးခဲ့ပါ....ဘာရည်ရွယ်ချက်နဲ့ အခုလိုလုပ်ခဲ့ရတာ လဲဆိုတာ ပြောပြပေးပါ။ အစွန့်ပစ်ခံ သမီးတစ်ယောက်အနေနဲ့ ကျွန်မသိခွင့်ရလိုက်ချင်လို့.... ဖြေပါ"

ရုတ်တရက် ယူကြုံးမရသော ငိုကြွေးမှုမျိုးဖြင့် သူက ငိုချမိမတတ်လှိုက်ဟာ တုန်ရီသွားပြီးလျှင်၊ အဆက်မပြတ် ဒေါမာန်ကြီးကာ ပွင့်ပေါက်ထွက်လာသော နာနာကျည်းကျည်း အမေးစကားသံကို ကြားရတာ သူ့မှာ နာကျင်ပင်ပန်းရပါဘိ။

သမီးရယ်...။

သမီး၏ အတွေးက ဘဝပဆစ်အိမ်ထဲကနေ တိုးကန်ထွက်လာခဲ့ရတာ မို့ သူ့ခံစားချက်နှင့်သူ ထုနဲ့ထည်နဲ့ အုံဖွဲ့ဖြစ်တည်ခဲ့ပေလိမ့်မည်။

ဘာရည်ရွယ်ချက်လဲတဲ့ ....။ သမီးက သူ့ကို မေးလာခဲ့ပြီ။ တစ်ကယ်က ရည်ရွယ်ချက် တစ်စုံတစ်ရာထား၍ ကျူးလွန်ခဲ့သော ပြစ်မှုမျိုးမဟုတ်။ ယောကျ်ားတစ်ယောက်အဖို့ ဒီကိစ္စမျိုးက ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ရလောက်အောင်ခမ်းနားအရေးပါလှသည့် ကိစ္စမျိုးလည်းမဟုတ်။ ဒါက ခရီးသွား ဟန်လွှဲသဘောမျိုး။ အိုင်တွေ့လို့ ခြေဆေးလိုက်ရုံ သဘောမျိုးလောက်သာရှိသောပတိ ပမွှားကိစ္စမျိုး။

ဒီလို ဘာမှ မယ်မယ်ရရ သူမခံစား မတုန်လှုပ်ခဲ့သော သေးမှုန်လှသည့် အမှိုက်တစ်စက ယခုတော့ ပြဿဒ်အထိ မီးတက်လောင်ခဲ့ပါကော။

သူ့သားသမီးအားလုံးတိုင်း၏ မိခင်တိုင်းသည် သူ့အဖို့ တရားဝင် အမည်စာရင်း ပေါက်ခဲ့သည်ဖြစ်စေ၊ တရားမဝင် ပေါင်းသင်းခဲ့သည်ဖြစ်စေ သူ့အဖို့ဘာမှ အထူးတလည် အရေးကြီး ကိစ္စမဟုတ်ခဲ့။ သူ အိပ်ယာဝင်၍ ကောင်းခဲ့သော မိန်းမများကိုမူပင် ယင်းတစ်ဏမှလွဲ၍ သူ့မှာ ထူးပြီး ဂရုစိုက်

အရေးလုပ်စရာများ မဟုတ်တော့။ သူက ဒီလောက်ကိစ္စလေးတွေနှင့် အချိန်အကုန်ခံနိုင်သည့် လူစားမျိုးထဲက မဟုတ်။

`တစ်လျှောက်လုံး နည်းမျိုးစုံနဲ့ ရှာခဲ့ရတယ်။ ဒီမေးခွန်းကိုမေးဖို့ ကျွန်မတစ်သက်လုံး စောင့်ခဲ့ရတယ်။မတန်မရာ လူလာဖြစ်ရတဲ့ ကျွန်မရဲ့ လူဖြစ်ခွင့်ကို မေးခွန်းထုတ်ဖို့ ဒီရောက်အောင် ဒီနည်းနဲ့ ကြိုးဆုံလာခဲ့ရတာ ပဲလေ။ ဖေဖေပါ...ကျွန်မအမေကို အရှူးမကြီး ဖြစ်အောင်လုပ်ဖို့ သက်သက်နဲ့၊ ကျွန်မကို ပတ်ဝန်းကျင်အလယ်မှာ မျက်နှာမွဲမ၊ မျက်နှာငယ်မအဖြစ် လင်ကောင်မပေါ်ဘဲ မွေးလာရဖို့သက်သက်နဲ့များ ဒီလိုမျိုး အချောင်နှိုက်ခဲ့တာလား....ဟုတ်လားလို့ ... ဖြေစမ်းပါ”

ခြောက်ချားသွေးပျက်ဖွယ် မေးခွန်းများအောက်၌ တုန်လှုပ်ကာ ခါးသီးကြေကွဲလှသည့် မျက်ရည်စများနှင့် ဗလုံးဗထွေး ရှိုက်ငိုနေသောသမီးကို အလန့်တကြားကြည့်ကာ လဲ့အိပ်နေရာမှ အားယူ၍ ထထိုင်လိုက်မိ၏ ။

ရင်ထဲမှာ အေးခနဲဖြစ်ကာ တလှပ်လှပ် တုန်ရီလာပြီး မူးဝေအော့အန်မိမလို ဖြစ်သွားပြီးမှ ကိုယ်ကို မတ်မတ်ထိုင်နိုင်အောင် ခဏနားပြီး အားယူလိုက်ရသေးလေ၏ ။ စုပ်သပ်၍ မညည်းမိအောင်တော့ သူ ထိန်းလိုက်နိုင်ခဲ့၏ ။ သူ့နာကျင်စုပ်သပ်မြင်လျှင် သမီးသည် သူ့အပေါ် အမုန်းစိတ်နှင့် အာဃာတတို့ကြောင့် သူ့နာကျင်မှုများကို ဝမ်းသာအားရ ဖြစ်မိရှာပေလိမ့်မည်။ လောင်မြိုက်နေသော ဒေါသမီး၊ အမုန်းမီးတို့ဖြင့်ပင် သမီးသည် မောပမ်းလှလေပြီ။ သမီးကို ထပ်မံ ညှင်းဆဲရန်၊ စိတ်ဓာတ်တို့ ပိုပြီး ပျက်ပြားရန် သူ့,မလုပ်လိုတော့ပြီ။ သမီး၏ ခက်ထန် မောပမ်းရခြင်းများ ပြေပျောက်ပါစေတော့....။

“ခင်ခင်ဦးလေ......မှတ်မိသေးရဲ့လား.....ဟိုး လူမရောက်၊ သူမပေါက်အညာမြို့သေးသေးနုပ်နုပ်လေးရဲ့ ဘူတာရုံငယ်လေးတစ်ခုမှာ ထမင်းရောင်းတဲ့ ခင်ခင်ဦးလေ `

သူသည် သမီးကို ထိခိုက်ကြေကွဲကာ ငေးရီကြည့်ရင်းက ရုတ်တရက်မျက်နှာဝိုင်းဝိုင်းပေါ်မှာ သနပ်ခါးပါးကွက်ကြား၊ တင်ထားသော ဆံပင်ကို အုန်းဆီရွှဲရွှဲလိမ်းကာ တစ်ပတ်လျှိုဆံထုံး ထုံးတတ်သော၊ သူ့ခေါင်းလျှော် ဘယ်တစ်ခါမျှ မငြင်းပယ်ဝံ့ခဲ့သော ရိုးရိုးအအ မိန်းမရွယ်တစ်ဦး၏ ရုပ်ပုံလွှာကို ပြက်ပြက်ထင်ထင် ပြန်လည်မြင်ယောင်လာ၏။

ဘဝတစ်လျှောက်လုံး တစ်ကြိမ်တစ်ခါကလေးလောက်သော်မျှ ပြန်ပြီးစိတ်ထဲ မှတ်ထင်ခဲ့ခြင်း ပင် မရှိတော့သော ဤလို အတိတ်ကာလ ခါးခါးသည် မရှုမလှ တိုက်ကွက်မျိုးနှင့် သူလဲပြိုနေသည့် အခုလိုအခါကျမှ တစ်ကျော့ပြန် ပြင်းထန်လာခဲ့ခြင်း...။

ဘုရား...ဘုရား...။

ခင်ခင်ဦး.....ခင်ခင်ဦး...။မင်းအခုလောက် နှစ်ကာလတွေ ကြာတဲ့အထိ ဒီရူးသွပ်မှုကြီးနဲ့ အသက်ရှင်နေနိုင်သေးတာဟာ ငါ့ကို အခုလိုမျိုးရက်ရက်စက်စက် လှလှပပကြီး ကလဲ့စားချေဖို့များလားကွယ်။

`လူတွေက ခင်ခင်ဦးကို လင်တရူးတဲ့ ပြောကြတယ်။ ဝိုင်းပြီး လှောင်ပြောင်သရော်ကြတယ်၊ ချိုးဖဲ့ရှုတ်ချကြတယ်...မေးငေါ့ တံတွေးထွေးပြီး အပယ်ခံဘဝမှာ ထားခဲ့ကြတယ်...ကျွန်မကိုမွေးပြီး မီးတွင်းထဲမှာ သွေးလန့်သွားတာလေ`

`တစ်ချို့က ပေ့ါသွမ်းရူးနှမ်းနေလို့ လူအစော်ကားခံရတာ ၊ ကျွန်မအမေက လူအစော်ကား ခံရလို့ ရူးတာသိရဲ့လား။ ဖြူစင်အပြစ်ကင်းပြီး ရိုးသားနုံအလှတဲ့ ကျွန်မအမေရဲ့ ဘဝကိုပြန်လျော်ပေးပါ။ ကျွန်မအမေကို ဘာအငြိုးနဲ့များ အခုလိုရက်စက်ခဲ့ရတာ လဲ...ဖေဖေပါဦး ဆရာဝန်ကြီးရဲ့`

အို...သမီးရဲ့ နှင့်နဲ နာကျင်လှတဲ့ ငိုညည်းသံဟာ သေခါနီး လူမမာက ကယောင်ချောက်ခြား အထိတ်တလန့် ညည်းအော်လိုက်သောအသံမျိုးနှင့်

တူလှပါဘိခြင်း။

အဖေ့ကြောင့် မင်းမှာ ပင်ပန်းလိုက်တာ မိန်းကလေးရယ်...။

`အမေကလေ သူသိပ်ချစ်တဲ့၊ သူ့ကိုလည်း အမှန်တကယ်ချစ်မြတ်နိုးတယ်လို့ ထင်ခဲ့တဲ့ ဟောဒီ ဂုဏ်သရေရှိ အယောင်အဆောင် သူတော်ကောင်းကြီး ဆရာဝန် ပေါက်စဟာ သူ့ကို ဗိုက်တစ်လုံးနဲ့ ပစ်ထားခဲ့လိမ့်မယ်လို့ ဘယ်ထင်ပါ့မလဲနော်၊ ဒါကြောင့် အဘွားက ကျွန်မကို ဒီအကြောင်းတွေ မသိချင်ပါနဲ့လားမြေးရယ်လို့ ဆိုတုန်းက ကျွန်မ မမေးဖြစ်ခဲ့ရင်ကောင်းမှာ`

ယောင်ရမ်းပြီး သမီးကို မော်ကြည့်လိုက်မိသည်။

တော်ပါတော့...တော်ပါတော့သမီးရယ်။ ပင်ပန်းလှပါပြီ။

`ကျွန်မ ဘယ်လိုလူလားမြောက် ကြီးပြင်းလာခဲ့သလဲဆိုတဲ့ မေးခွန်းကို မေးလိုက်စမ်းပါ အဖေရဲ့၊ ကျွန်မဖြေချင်လွန်းလို့`

သူမခံနိုင်တော့...။ သမီးကို လက်သာကာပြနိုင်လိုက်၏ ။

`တော်ပါတော့...ကလေးရယ်...တော်ပါတော့`

ဒီစကားစုတွေကိုတော့ သူက မောဟိုက်လှစွာ တောင်းတောင်းပန်ပန် ပြောမိ၏ ။ သမီး မျက်လုံးအိမ်မှာ မျက်ရည်တွေနဲ့ နီရဲစိုလက်လို့။ သမီးသည်သူ့ကို မှတ်မိအောင်လား... နာကျင်ရလွန်း၍ လားမသိ။ အတန်ကြာစိုက်စိုက်စူးစူး ကြည့်ပြီးနောက် မိုးရေထဲသို့ ငိုကြီးချက်မဖြင့်ပင် ပြေးထွက်သွားလေတော့၏ ။ သူသည် ရုတ်တရက် တုန်လှုပ်သွားကာ သမီးနောက်ကို အပြေး စလိုက်မည်ပြုကာ အားယူထလိုက်တော့မှ...။

အော် ...သမီးရယ်...။ အဖေ...အဖေလေ...။

သူ့ခန္ဓာကိုယ်အောက်ပိုင်း သေခဲ့သည်မှာ နှစ်ပေါင်းများစွာ

ကြာခဲ့ပါကော။

သမီး...သမီးလေး...

နာကျင်ပြင်းရှစွာ တမ်းတမ်းဆွတ်ဆွတ် ခေါ်လိုက်မိသလား ထင်သည်။ လေတွေက အပြင်မှာ ပိုထန်နေသယောင် မိုးပေါက်တို့က ပို၍ ကြီးမားပြင်းထန်နေသယောင် ထင်မိပြန်၏ ။

ယိမ်းထိုးလှုပ်ခါနေသော သစ်ပင်များကို ဝင်းခနဲ၊ ဝင်းခနဲ ပြက်လိုက်သော လျှပ်စီးရောင်ဖြင့် မြင်လိုက်ရလျှင် ရင်ဂသည် မီးစနှင့် အထိုးခံလိုက်သလို မခံမရပ်နိုင်အောင် စူးပူကာသွား၏ ။

လေပြင်းတစ်ချက်ခတ်လိုက်သဖြင့် သူ့အခန်းတွင်းရှိ လျှပ်စစ်မီးသီးသည် ဖြုတ်ဆို ပြတ်တောက်သွားလေ၏ ။ သူ့အိပ်ခန်းသည် ရုတ်တရက် ပင်ပိန်းပိတ်အောင် မိုက်မှောင် သွားလေ၏ ။ သူသည် ရေရေရာရာ ရှင်းမပြနိုင်လောက်အောင် ကြောက်ရွံ့အားငယ်သွားပြန်သည်။

မြို့နယ်ဆရာဝန်လေး...။ ခင်ခင်ဦး...။ပြီးတော့ သူလုံးလုံးလျားလျား တွေးထင်မထားခဲ့မိသော ကိစ္စ။ သမီးကလေး...။ လင်းခနဲ လင်းခနဲ ပြက်လိုက်သော လျှပ်စီးရောင်နှင့် သည်းထန်စွာ ရွာသွန်းနေသော မိုးစက်မိုးပေါက်တို့က သူ့ကို ပြင်းစွာ နှိပ်စက်လျက်ရှိချေပြီ။

အော်...ဟိုယခင် တစ်ချိန်တုန်းကတော့ ဒီလို အမှောင်ထုမျိုးကို အားကိုးအားထားပြုလျက် သူသည် သူ့ရဲကောင်းကြီးသဖွယ် အောင်လံတို့ကို အကြိမ်ကြိမ်လွှင့်ထူခဲ့ဖူးသည် မဟုတ်ပါလော။

*

စိုစွတ်သော မိုးရနံ့သည် သူနိုးထလာလာချင်းပင် နှာဂသို့လည်းကောင်း၊ ခန္ဓာကိုယ်ထဲ သို့လည်းကောင်း စိမ့်ဝင်ပျံ့နှံ့လေ၏ ။ တစ်ညလုံး မိုးသည်းထန်စွာ

ရှာထားသဖြင့် ဝန်းကျင်တစ်ခုလုံး ချမ်းချမ်းစိမ့်စိမ့်ကြီး ဖြစ်ကျန်လျက်ရှိနေလေ၏ ။ မိုးနံ့ပါသောလေကို တစ်ဂကြီးရှိုက်ရှူ လိုက်သော်လည်း ရင်သည်လင်းပွင့်ခြင်းငှာမရှိ။ နောက်ကျူထွေးလိမ်နေသော စိတ်တို့ဖြင့် နံနက်ခင်း တစ်ခုကို သူကြိုဆိုခဲ့ရပြန်ပါသည်။

သူကိုယ်တိုင် ရေးခဲ့သည်ဖြစ်သော၊ မလှမပသော၊ ဖျက်၍ ပြင်၍ မရသော၊ သူ့အတိတ် ဒိုင်ယာရီဟောင်းထဲမှ စာမျက်နှာတစ်ချို့တလေက သူ့ကိုတွေးတောစရာ တစ်ပုံတစ်ပင်နှင့် တာဝန်ဆိုသောအရာကို ချန်လှပ်ထားခဲ့ပြန်၏ ။ ထို့ပြင် သွေးသားဟူသော ခံစားချက်သည် သူ့ကိုမြည့် ကြွေအောင်ကလူကျီကာ နှိပ်စက်နိုင်သာ လက်နက်ပုန်းတစ်မျိုးလည်းဖြစ်ပြန်ပါ၏ ။ အတိတ်တစ္ဆေကဖြင့် သူ့ကို ခြောက်လှန့်ခဲ့လေပြီ။

`အော်...နိုးနေပြီပဲကိုး`

အသံလာရာဆီသို့ပင် ဦးခေါင်းရွေ့မကြည့်ဖြစ်ဘဲ `အင်း`လိုက်ရသည်။ အသံကိုသာယာ ချိုအေးဖွယ် လုပ်ယူထားသော ပြယုဂ်တစ်ခုသည် အဖြူအစိမ်းဝတ်စုံတို့ကိုပင် ဝတ်ဆင်ပြီးနှင့် နေပါပေါ့။ ဆေးရုံသွားဖို့ သူမ အဆင်သင့်ဖြစ်နေပေလိမ့်မည်။ အထီးကျန် အေးခဲလှတဲ့ ဒီတိတ်ဆိတ် မင်းမူခြင်းတွေနဲ့ သူတစ်ယောက်တည်း စကားပြောဖော်၊တီးတိုးဖော်၊ တိုင်ပင်ဖော်မရှိဘဲ ကျန်ခဲ့ရဦးမည်ပေါ့။ ရိုးနေပါပြီလေ...။

ဒါက... သူ့ဘဝရဲ့ နေဝင်ချိန်လား...။

“နို့သောက်ရအောင်...”

ဖြုန်းခနဲ နာကျင်ဒေါသဖြစ်ရပြန်၏ ။

`တော်ပါပြီ အက်စ်သာ...ငါမသောက်ချင်လို့`

`သောက်ချင်ချင်...မသောက်ချင်ချင်`

“ဟော့…ငါမသောက်ဘူးဆိုရင် မသောက်ဘူးပေါ့…မင်းက ဘာရှည်တာလဲကွ…ဟေ”

“ဘာဖြစ်တာလဲ ဒါလင်ရဲ့…ရတ်တရက်ကြီး အရူးလိုမျိုး”

“အေး…ဟုတ်တယ်၊ အရူးလိုမျိုးပဲ… မင်းဖာသာ သွားစရာရှိတဲ့ ဆေးရုံကို မြန်မြန်သွားစမ်းချည်”

“သွားရမှာ ဒါလင်ရဲ့၊ သွားမှဖြစ်မှာ…ဆေးရုံမှာ အရေးကြီးလူနာတွေနဲ့၊ ဂျူတီချိန်းလို့မရရင် မျှော်မနေနဲ့ပေါ့…ဟုတ်လား။ ကလေးတွေကို အနိုင်မကျင့်ချင်ပါဘူးကွာ…ဆရာပဲ နှာ့စ်လေးတွေကို အနိုင်မကျင့်ရဘူးလို့ သင်ပေးခဲ့တယ်မဟုတ်လား…ဆရာမငယ်လေးတွေကို နိုင့်ထက်စီးနင်း မဆက်ဆံ ဝံ့ပါဘူး…နော်”

သူသာ အရင်လို သန်စွမ်းနေလျှင် ဒီအမျိုးသမီး ဘေးကျိုးမယ်ထင်ပါရဲ့။

“ဒါလင်က ကလေးဆိုးကြီးလို မှုန်တေတေ လုပ်မနေနဲ့လေ”

“မင်းကတော့လားကွာ”

သူက သွားကြားစေ့သံဖြင့် ရေရွတ်ရင်း စားပွဲကို ထုပစ်လိုက်သည်။

“နော်အက်စ်သာဟာ ပတ်ဝန်းကျင်မှာ အခုချိန်ထိ အပျိုကြီးရှင့် ဒါလင်ရဲ့၊ စိတ်ရှည်ရှည်ထား မှပေါ့ကွယ်၊ ဒီက မေရီမြလို ကာမပိုင်ဇနီးမှမဟုတ်တာ၊ အချိန်ပြည့် ဘယ်နေဝံ့ပါ့မလဲ ဒူးနေရာဒူး၊ တော်နေရာတော်ပေါ့၊ ဟုတ်ဘူးလား။ ဒီကနားလည်ပါတယ်…နော့”

မရှိသုံး ပစ္စည်းတစ်ခုလို အသုံးချခံရဖန်များခဲ့သော နော်အက်စ်သာ၏ လက်တုံ့ပြန်မှုတွေကလည်း ဆားသွားထက်ထက်လို မြည့်မှမြည့်။

“မင်း…သွားမှာဖြင့် သွားပါတော့လား အက်စ်သာရယ်…ငါ့အတွက် ပူမနေစမ်းပါနဲ့”

“ကောင်းပြီလေ…ဒါလင်က ဒါလောက်နှင်နေမှတော့လည်း…”

သူ့ဒေါသကို မှုလောက်စရာလို့ မထင်သော နှစ်ပေါင်းအတော်ကြာကြီးကြာအောင် သူနှင့်အတူတွဲပြီး ဆေးရုံဆေးခန်းတွေမှာ အလုပ်လုပ်ခဲ့သောသူမက သူ့ပေါက်ကွဲမှုလောက်ကို အရေးထားစရာလို့ မထင်တာဘာမှမဆန်း။

သူသည် ပြတင်းဝမှတဆင့် အပြင်လောကသို့ ငေးမျှော်ကြည့်မောကာနေမိစဉ်ပင် ထမင်းချက်မိန်းမကြီး ဒေါ်ဖော့၏ ခြေသံထူထူဆောင့်ဆောင့်ကို ကြားရလေ၏။ စိတ်ပျက်ဖွယ်ကောင်းလေစွ။ သူ့ရင်ထဲတွင်မတော့ အတိုင်းမသိဟာ၍ နာ၍ နေလေ၏။

လွမ်းမောဖွယ် ဟိုအရင်အချိန်တွေကတော့ `အံ့ကြီးမောင်” ဆိုတဲ့ ဆရာဝန်တစ်ယောက်ရဲ့ နာမည်ဟာအကြီးအကျယ် ရေပန်းစားခဲ့တယ် မဟုတ်လား။

ဆရာဝန်လောကမှာ၊ ဆေးလောကမှာ၊ ရုပ်ရှင်လောကမှာ အံ့ကြီးမောင်ဆိုတဲ့ နာမည်တစ်လုံး ဟာ ဟိန်းဟိန်းလျှံခဲ့တယ် မဟုတ်လား။

မိုးထိလုမတက် မြင့်မားမောက်ကြွခဲ့တဲ့ သူ့ဂုဏ်ဒြပ်တွေ…။

သူအား လိုချင်သော မိန်းမတွေနှင့် သူက လိုချင်သော မိန်းမတွေ သူ့နံဘေးမှာ ဝိုင်းဝိုင်းလည်လည်လျက်နေ၏။

နှလုံးအထူးကု ဆရာဝန်ကြီး၊ အသက်အရွယ်ငယ်ပင်ငယ်ငြားသော်လည်းဆေးပညာမှာ ပါရမီရှိသော ဆရာဝန်ကြီး။ အဖိတ်အစင် အလွှင့်နည်းပါးသော ဆရာဝန်ကြီး။ ဆေးအင်မတန် လိုက်သော ဆရာဝန်အဖြစ် ဂုဏ်သတင်းမွှေးခဲ့သူ။

ထို့မှလွန်သော် အခြားတစ်ဖက်၌ အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်။ မိုးမြင့်ကြယ် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်ကြီး။ တစ်ဆင့်ပြီးတစ်ဆင့်

မြင့်တက်ကြီးကျယ်ခဲ့သော ဘဝအဆင့်အတန်း၌ သူသည် သူ့ကိုယ်သူမှလွဲလျှင် အခြားဂရုစိုက်စရာ လူမရှိလောက်အောင် နေချင်သလို နေခွင့်ရခဲ့သူဖြစ်လေ၏ ။ လူနာများ လက်တွဲဖော်ဆရာဝန်များ သူ့လက်အောက်မှ သူနာပြုဆရာမများ၊ ဟောက်စ်ဆာဂျင် ကလေးများအကြားဝယ် နေတစ်ဆူ လတစ်စင်းလို အောင်မြင်လင်းပွင့်ကာ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သူ ဖြစ်လေသည်။

ဟိုစာစောင်၊ဒီစာစောင်တွေထဲမှာလည်း သူ့အကြောင်း၊ သူ့အမည်နောက်မှာ တဖြေးဖြေး ရှည်လိုက်လာသော ဘွဲ့ထူးဂုဏ်ထူးများကလည်း သူ့အမည်နာမကို ထပ်ပြီး စိန်ခြယ်မြရံလို့။

သူ့ရာထူးဂုဏ်၊ သူ့ဩဇာ၊ သူ့အခွင့်အာဏာနှင့် သူ့ဆေးပညာရပ်များကသူ့ကို အပုပ်နံ့ အမျိုးမျိုးတို့မှ ဖုံးအုပ်ဂှက်ကွယ်ပေးနိုင်ခဲ့လေ၏ ။

“အသက်သခင် ကျေးဇူးရှင်ကြီး” ဆိုတဲ့ စာတန်းတစ်မျိုးဟာ သူ့ဘဝကို အင်မတန် တိုးတက်ပြောင်းလဲအောင် ပြုလုပ်နိုင်ခဲ့တာလေ။

သူသည် ဒူးထောက်ဝပ်တွားလာခြင်းများကို သာယာသူဖြစ်ပြီး ရုပ်ဝတ္ထုပစ္စည်းများပေါ်၌ လည်း ခုံမင်ညွတ်နူးသူ ဖြစ်ပြန်၏ ။

အားထားကြည်ညိုခြင်းများနှင့် ယုံကြည်စွာ ဂကွက်အပ်လာခြင်းအပေါ်၌ လည်း ပါးနပ်စွာ၊ ပရိယာယ်ကြီးစွာ အခွင့်အရေးကို အပြည့်အဝ အသုံးချနိုင်ခဲ့သူလည်း ဖြစ်ပါ၏ ။

သူကပဲ ဦးနှောက်သိပ်ကောင်းလို့လား၊ ဒါမှမဟုတ် ဆေးပညာမှာပဲ ပါရမီအလေ့အထုံ များခဲ့လို့လားမသိ။ သူနှင့် တစ်ပတ်စဉ်ထဲဆင်း ဆရာဝန်များအားလုံးကို နောက်ကောက်ချနိုင်လျက်၊ အတော်ဆုံး၊ အထူးချွန် အထက်မြက်ဆုံး၊ သေချာနိုင်နင်းမှုအရှိဆုံးသော ခွဲစိတ်ဆရာဝန် ဖြစ်ခဲ့လေ၏ ။ ထို့နောက်တွေမှာတော့ သွားလိုက်ရတဲ့ နိုင်ငံခြား၊ ဆွေးနွေးပွဲတွေ ဘွဲ့လွန်တွေ၊

ရခဲ့တဲ့ ပါရဂူဘွဲ့တွေ။

သူဒီလိုအောင်မြင်မှုရလာတာဟာ မိဘအဝန်းအဝိုင်း အထောက်အပံ့ကောင်းလို့ မဟုတ်။ သူ့မိဘနှစ်ပါးက သာမန်စာရေးစာချီ ဝန်ထမ်းဘဝမျိုးသာ ဖြစ်သည်။ အဖေ့ဖက်မှ အစ်ကို နှစ်ဝမ်းကွဲတော်စက်သူ ဘကြီးဘုန်းတော်ကြီးက သူ့ကို အင်မတန်ချစ်သည်။ အင်မတန် ယုံကြည်မှုထားသည်။ သူ့ကို ဆရာဝန်ဘွဲ့ယူစေပြီး နယ်တကာလှည့်၍ စေတနာဆရာဝန် ဖြစ်စေချင်ခဲ့၏ ။ ထို့ကြောင့်ပင် သူဆရာဝန်ဖြစ်သည်အထိ ပံ့ပိုးမှုအားကောင်းကောင်းနှင့် မျှော်လင့်ခဲ့ရှာသူဖြစ်၏ ။

သူကမှ ဘယ်တုန်းကမှ နယ်တကာလှည့်၍ စေတနာဆရာဝန်အဖြစ်ဆေးကုသရခြင်းမျိုးကို စုံမက်နှစ်ခြိုက်ခဲ့သူ မဟုတ်။

သူက ကြီးကျယ်ခမ်းနားချင်သည်။ အောင်မြင်ထင်ရှားချင်သည်။ ကြွယ်ဝချမ်းသာချင်သည်။ စည်းစိမ်ကြားမှာ ယစ်မူးကာ နေချင်သည်။ သူဆရာဝန်ဖြစ်အောင် ကြိုးစားအားထုတ်ခဲ့ရခြင်း၏ ရည်ရွယ်ချက်သည် သူတစ်ပါးတို့အတွက် သက်သက်ပေးဆပ်ရန်မဟုတ်။

ကိုယ့်ဘဝ အောင်မြင်ကြီးပွား တိုးတက်ကြောင်း အတွက် ကိုယ့်ဘဝကိုယ်မြှင့်တင်ဖို့အတွက် ရွေးချယ်ခဲ့သောလမ်း။ ဒီလမ်းကြောင်းကို ဘာ့အတွက်ကြောင့်မှ အပျက်မခံနိုင်။

ပေါ်လာသမျှ ဆူးငြောင့်ခလုတ်မှန်သမျှ သူရှင်းပစ်ရမှာပဲဖြစ်သည်။

"ဆရာကြီး"

အနားကပ်ခေါ်လိုက်သော ထမင်းချက် ဒေါ်ဖော့၏ အသံကြောင့် အတွေးစတို့ လွင့်ပျောက်ပြတ်တောက်သွား၏ ။ သူသည် ထမင်းချက်မိန်းမကြီး၏ မျက်နှာကို စိတ်ကုန်ခန်းစွာ လှည့်ကြည့်လိုက်ဖြစ်၏ ။

"ဘာလဲ...ဒေါ်ဖော့"

"ထမင်းစားချိန် ရောက်ပါပြီရှင့်

သူသည် ထောင်းခနဲ ဒေါသထွက်လိုက်သေးသော်လည်း ချက်ချင်းပြန်မျိုချလိုက်ပြီး ဦးခေါင်းကို မသိမသာ ယမ်းခါလိုက်မိသည်။

ကျုပ်မဆာသေးဘူးဒေါ်ဖော့...စားချိန်တန်တော့ ခင်ဗျားကို ခေါ်လိုက်မယ်...ဟုတ်ပြီလား

"မရဘူး...ဆရာကြီးရဲ့၊ အခုစားမှရမှာ"

သူ့မျက်ခုံးတစ်ဖက်မြင့်တက်သွားသည်။

"ဘာဖြစ်လို့ မရရမှာလဲ၊ ကျုပ်ဗိုက်ဆာတာ မဆာတာ၊ ကျုပ်စားချင်တာ မစားချင်တာ၊ကျုပ်သဘောပေါ့ ဒေါ်ဖော့ရဲ့၊ခင်ဗျား တယ်ခက်တဲ့လူပဲ...သွား...သွား"

"မေထရွှန်က အချိန်တိကျရမယ်လို့ မှာထားလို့ပါ"

"ခင်ဗျား မေထရွှန်ရဲ့ အချိန်ဇယားကြီးကို ခင်ဗျားအခန်းထဲမှာပဲ ပြန်ချိတ်ထား လိုက်ချည်။ သွား...ကျုပ်ဗိုက်မဆာသေးဘူး၊ကျုပ်ခေါင်းလောင်းနှိပ်ပြီး မခေါ်မချင်း ကျုပ်အခန်းထဲကို ဝင်မလာခဲ့နဲ့ ကြားလား၊ကျုပ်ပြောတာ"

"ဟော...မေထရွှန်ပြန်လာပြီ၊ တော်ပါသေးရဲ့"

ဂမ်းသာအားရ ကျယ်လောင်ပေါ့ပါးစွာ အော်လိုက်သော ဒေါ်ဖော့အသံကြောင့် သူလန့်ခနဲဖြစ်ပြန်၏ ။ အခုအခါမှာ သူ့အသည်းက ငယ်ပဲငယ်နိုင်လွန်း။ အက်စ်သာကို မကြည့်ဖြစ်။ အပြင်သို့သာ ငေးမြဲ ငေးနေမိသည်။

"ဆရာကြီးကို ထမင်းကျွေးလို့မရဘူး မေထရွှန်ရဲ့"

"အင်း...ထင်တယ်...ထင်တယ်၊ ဒါကြောင့် ကျွန်မပြန်လာတာ၊ ကိုင်း... ဒေါ်ဖော့ရောက်မဆိုက်ဘဲ ခိုင်းတယ်လဲ ထင်မနေနဲ့ သံပရာရည်တစ်ခွက်

ဖျော်လာပေးစမ်းပါ၊ ခေါင်းတွေနောက်လွန်လွန်းလို့”

“ဟုတ်ကဲ့…မေထရွှန်”

“ဒါလင်က ဘာလို့ အစားကို အချိန်မှန်မစားသလဲ”

“အခုနေအခါမှာ ငါ့အဖို့ အချိန်မှန်နေဖို့လဲ မလိုတော့ဘူးလေ”

“လိုလိုမလိုလို…စားရမဲ့ ဝတ္တရားရှိရင် စားကို စားရမှာမဟုတ်လား ဒါလင်ရဲ့၊ ဒါမှ ဆေးလိုက်မှာပေါ့”

“ဒါက ငါနားလည်ပြီးသားကိစ္စတွေ”

“နားလည်တဲ့သူမို့လို့ ခက်နေတာ”

“အေး…မင်းအခုလို အချိန်နဲ့ အခါနဲ့ ငါ့ကို ကျွေးနေမွေးနေတာကို ငါဖြင့် ငါ့ကိုတစ်နေ့ နည်းနည်းချင်းစီ ဆေးကျွေး သတ်နေတာနဲ့ အတူတူပဲလို့ ထင်နေတယ်”

“ဘုရားသခင်”

“ငါ့ဘာသာ လွတ်လွတ်လပ်လပ် နေပါရစေတော့ အက်စ်သာရယ်။ ဒါတွေက ငါ့အဖို့ အချိန်အခါရယ်လို့ လိုအပ်တော့တာမှ မဟုတ်ပဲနဲ့”

“ဆရာ့အသက်ဓာတ်က ဆရာ့ကံဇာတာရှိသရွေ့နဲ့ဆိုင်တာပဲ၊ကျွန်မက ဘာတတ်နိုင်မှာမို့လဲ။ ဒါလင်သိထားဖို့က ကျွန်မက သူနာပြုပဲ လူနာရှိရင် လုပ်ရမဲ့ ဝတ္တရားအရ လုပ်ကို လုပ်နေရမှာလေ။ ဒါက ကျွန်မရဲ့ တာဝန်ပဲ”

“ကျုပ်…သမီးလေးလေ”

နော်အက်စ်သာက မသိမသာ လည်ပြန်လှည့်ကြည့်လာသည်။

“သူ့မြို့သူ ကောင်းကောင်းမွန်မွန် ပြန်ရောက်သွားနိုင်ပ့ါမလား”

သူ့အတွက် နော်အက်စ်သာက သတင်းစာထဲမယ် အချိန်ပြည့် ပြုစုဖို့

မိန်းကလေး တစ်ယောက်ကို မခေါ်ဖြစ်ခဲ့လျှင် ခင်ခင်ဦးနှင့် သူ၏ ဤလိုက်ကွဲကြေဖွယ်ရာအတိတ်ဆိုးကြီး က ပေါ်ထွက်လာခဲ့မည်မဟုတ်။

“ဒီကိုတောင် ရောက်အောင်လာနိုင်မှတော့ သူ့မြို့သူ မျက်စိမှိတ်ပြန်တာတောင်ရောက်တယ်။ စိတ်ချဒါလင် …ဒီလို လောကဓံအထုအထောင်းကို ရင်စည်းခံခဲ့ရသူမှန်သမျှ သူ့တို့ကိုယ်သူတို့ လုံလောက်အောင်ထိန်းနိုင်ဖို့ သတ္တိရှိပြီးသားသူတွေ ချည်းပါပဲ စိတ်ပူမနေမနဲ့”

“စိတ်မပူနဲ့ …ဟုတ်လား”

“ဟုတ်တယ်”

“မင်းဟာ တော်တော့်ကို အကြင်နာနည်းတဲ့မိန်းမပါလားကွ…ဟင်”

“နည်းတယ်ဆိုလည်း နည်းရုံပေ့ါလေ၊ ကျွန်မနဲ့မှ မဆိုင်တာ။ ဒါက ဒါလင်ရဲ့ အရှက်မရှိတဲ့ မြောက်များလှစွာသော ကိစ္စရပ်တွေထဲက နောက်တပ်အရှုပ်ထုပ်တစ်ခုပဲဟာ။ ကျွန်မ ဒီအရှုပ်ထုပ်တွေကို လိုက်သိမ်းဖို့ ရှင်းဘေးမှာရှိနေခဲ့ရတာ လား…ပြောစမ်းပါဦးလေ”

“မှန်ပါတယ်အက်စ်သာ…ဒါတွေက ကျုပ်ရဲ့အမှိုက်စတွေ၊ ကျုပ်ရဲ့အရှုပ်ထုပ်တွေမှန်ပါတယ်။ အခုနေခါမှာမင်းနဲ့ အပြိုင်နှုတ်လှန်ထိုးဖို့ ငါ့မှာ အင်အားမရှိပါဘူး။ အပြစ်ဟာ အပြစ်ပဲအက်စ်သာ ထမင်းရည်ပူတယ်ဆိုပြီး လျှာလွှဲထားလို့ ရတာ မျိုးမှ မဟုတ်တာ”

“အင်းလေ…ဒါလင်က လျှာမလွှဲထားချင်လို့ ဘာလုပ်မှာတဲ့လဲ၊ ဘာလုပ်လို့ကော ရနိုင်မှာတဲ့လဲ”

“ဘာလုပ်လို့ ရနိုင်မလဲဆိုတာကိုပဲ ကျုပ်အပူတပြင်း တွေးနေတာ၊ ကျုပ်မှာဖခင်ဆိုတဲ့ တာဝန် ဝတ္တရားရှိနေပြီ။ ပျက်ကွက်ခဲ့တဲ့ ဒီဝတ္တရားတွေကို ကျုပ်မသေခင် ဖြည့်သွားရမယ်”

“ဘယ်လိုဖြည့်မှာပါလိမ့်”

နော်စ်သာက ခက်မာလှသော လေသံဖြင့် အလိုမကျစွာရေရွတ်လေ၏။

“ရှုးသွပ်နေတဲ့သူနဲ့ အတူနေရတဲ့ အဖြစ်က ကျုပ်ကို ရှေ့ဆက်အသက်မရှူနိုင်လောက်အောင် မွန်းကြပ်စေတယ်အက်စ်သာ”

“ဒီအခြေအနေမှာ ဒါလင်က ကိုယ့်ကိုယ်ကိုယ်တောင် မကယ်နိုင်တာ၊ ဟိုက ရှုးရုံမကလို့ သေသွားလည်း ဒါလင်က လက်ပိုက်ကြည့်နေရမှာပဲမဟုတ်လား။ ရှင့်သမီးကို လူတကာက စော်ကား မော်ကား ပြုလည်း ရှင်လက်ပိုက်ပြီး ကြည့်နေရမှာပဲ မဟုတ်လား ဒေါက်တာအံ့ကြီးမောင်ရဲ့”

“အက်စ်သာ”

“မအော်နဲ့လေ”

မင်းက ကျုပ်ကို ဒီလိုပြောရမှာ ကျေနပ်နိုင်မလားဟင်…ခွေးမ

“ကျွန်မက မှန်တာကို ပြောနေတာပဲ၊ ရှင့်ဘာသာ သတင်းစာထဲကို နာမည်ထည့်ပြီး ကြော်ငြာချင်ရတာ နဲ့၊ကျွန်မမပြောခဲ့ဘူးလား ကျွန်မဘာသာ အဆင်ပြေတဲ့ လူနာပြုစုသူတစ်ယောက် ရအောင်ရှာခဲ့ပါ့မယ်လို့ဆိုတာ … ရှင့်သဘောအတိုင်း စိတ်လိုက်မာန်ပါ လုပ်ချင်တာလေ။ ကိုင်း…အခုတော့ ဘာဖြစ်သလဲ ဒေါက်တာအံ့ကြီးမောင်ဟာ ကျွန်မရဲ့အဖေပါ၊ကျွန်တော်ရဲ့အဖေပါလို့ နောက်ထပ်ဘယ်နှစ်ဦး ဘယ်နှစ်ယောက်လောက် ထပ်ပေါ်လာမလဲ မတွေးဝံ့စရာပဲ။ ရှင့်ဇာတ်လမ်းတွေက ပွစိရှုပ်ပွေပြီး လိမ်နေတော့တာပဲ မဆုံးနိုင်ဘူး”

အံ့ကိုတင်းတင်းကြိတ်မိသည်။သွားတွေများ ကျိုးပဲ့ကြေမွကုန်ပြီလား။ မင်းက ချို့ယွင်းအားနည်းချက်ကို ဖိနင်းပြီး မှုန့်မှုန့်ကြေအောင် နင်းခြေဖို့ အခွင့်အခါ ကောင်းခဲ့ပြီမဟုတ်လား အက်စ်သာ …။အေးလေ…ကျုပ်က အခုနေခါမှာ ဒုက္ခိတအဘိုးကြီး အံ့ကြီးမောင်ဖြစ်ခဲ့ပြီ မဟုတ်လား။

အပြင်ထွက်ပြီး လေရှူမလား

"ဟင်းအင်း...ကျုပ်တစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ် နေချင်တယ်။ မင်းလည်း...သွားပြီး အနားယူချည်"

ဟုတ်တယ်အက်စ်သာ။ ကိုယ်ကိုယ်တိုင် ပြုလုပ်ဖန်တီးခဲ့တဲ့ ကိုယ့်ရဲ့လုပ်ရပ်တွေအတွက် ကိုယ်ကိုယ်တိုင် ခံယူပေးဆပ်ရုံအပြင် တစ်ခြားမရှိနိုင်ဘူး မဟုတ်လား။ ငါ့ရာဇဝင်ကြွေးကို ငါ့သွေးနဲ့ ပြန်ဆပ်ရမယ်ဆိုရင်တောင်မှ ငါပြန်ဆပ်ဖို့ အဆင်သင့်ပါပဲလေ။

♥ ♥ ♥

## အပိုင်း(၂)

“ဘယ်...ဘယ်နေရာ ဘယ်မှာပိုစတင်ကျတယ်...ဟာဗျာ”

တစ်ခါဖူးမျှ မကြားဖူးသော အမည်နာမတစ်ခုသည် မြန်မာပြည်မြေပုံထဲတွင်ရှိသော မြို့မှဟုတ်ပါရဲ့လား။ မြေပုံထဲမှာတော့ ဒီမြို့နာမည်ကို သူတစ်ခါမှ မမြင်စဖူးခဲ့။ မတွေ့စဖူးခဲ့။ မကြားစဖူးခဲ့။

သူနှင့်အတူ တစ်ပတ်စဉ် သူငယ်ချင်းတွေကလည်း သူလိုပဲ အများစုလုံးလုံး နယ်မြို့တွေမှာ တာဝန်ခံဆရာဝန်အဖြစ် သွားကြရမည်မှန်သော်လည်း သူ့လို သူ့လောက် ဝေးကွာပြီး မကြားဖူးသော မြို့များမှုမဟုတ်။

အညာကျေးလက်ဒေသကို သူအင်မတန်ကြောက်သည်။ မုန်းသည်၊ အသားမည်းမည်း နေကျဲကျဲ မိုးခေါင်ခေါင်၊ ဖုန်ထူထူ၊ အစားအသောက်ခေါင်းပါးသော နေရာဒေသမျိုး။ ဤလို သူကြောက်လန့်ခဲ့ရသော အညာမြို့စွန်မြို့ငယ်လေးကိုမှ သူ့မှာ တာဝန်ကျရပါလေခြင်း။ မသွားဘဲ ရန်ကုန်မှာဆေးခန်းဖွင့်ဖို့ကျပြန်တော့လည်း သူ့ကို ဆရာဝန်ဖြစ်အောင် ထောက်ပံ့ပေးခဲ့သည့် ဘကြီးတော်ဘုန်းကြီးက သူ့ကို နယ်မြို့သို့ သွားစေချင်၏ ။ သူလိုအကောင်းဆုံးအဆင့်နဲ့ ဆေးပညာမှာ တော်တတ်ထူးချွန်တဲ့ ဆရာဝန်ကိုမှ နယ်အစုပ်ပလုပ်ဆီသို့ စေလွှတ်ကြခြင်း။ ရက်စက်ပါပေ့။

နယ်မြို့တွေကို သူသဘောမကျ။ ရန်ကုန်လိုမြို့ကြီးမှာ အပြင်ဆေးခန်းထိုင်တော့ကော ဆေးကုရာမကျလို့လား။ဘဂအတွက် ဘာတက်လမ်းမှမမြင်သောထုံပေပေ နယ်မြို့သေးသေးလို နေရာမှာ ဆေးကုသခွင့်ရဖို့ အဆင့်မြင့်မြင့် အောင်မြင်မှုရအောင် သူကြိုးစားခဲ့တာမဟုတ်။ ကျေးလက်ကို သူမချစ်ခင်တတ်။ကျေးလက်စရိုက်က သူနဲ့မကိုက်။

"ဘယ်လိုလုပ်ပြီးတော့ ငါလိုသူက ဒီလိုဒီလောက်ခေါင်တဲ့ မြို့သိမ်မြို့မွှားလေးမှာ တာဝန်ကျရပါလိမ့်...လူသူလေးပါးမရှိတဲ့ အရပ်သွားပြီး ဆေးရုံအုပ်လုပ်လို့ကောဘာဖြစ်မှာလဲ... ဘာအသုံးကျမှာလဲ။ တာဝန်ခံ ဆရာဝန်ကြီးဖွီး...

သူက ဒီလိုမျိုး ကိုယ့်စိတ်ဒုက္ခနှင့်ကိုယ် ပူပန်တွေးမောနေချိန်မှာ ဆရာတော်ဘုန်းကြီးကတော့ သူနှင့်ဆန့်ကျင်စွာ ကြည်ကြည်နူးနူး ပီတိဖြစ်လို့။

အိမ်း...ကိုယ်တော်လည်း အခုမှပဲ စိတ်အေးချမ်းရတော့တယ်။ ကိုယ့်တော့်သဘောအတိုင်း ဖြစ်လာပေတာပဲ...တူတော်ရဲ့ စေတနာနဲ့ တူတော်ရဲ့ ကျွမ်းကျင်မှုကို ဘယ်လောက်များ ငံ့လင့် နေလိုက်ကြမလဲ... ဆရာဝန်ရှားပါးတဲ့နေရာတွေမှာ ဆရာဝန်တစ်ယောက်ရဲ့ တန်ဖိုးဟာဘာလဲဆိုတာ တူတော်ကောင်းကောင်းကြီး သိမြင်လာပါလိမ့်မယ်

ဖြစ်လာမှတော့လည်း စကားနားထောင်သလို မျှောလိုက်ရုံသာရှိတော့၏ ။ အခွင့်အရေးဆိုတာ ရှေ့မှာ တစ်ပုံတစ်ပင်ကြီး ရှိလာဦးမှာပေါ့။ ပြီးတော့ ဒါတွေကို အတွေ့အကြုံကောင်းတစ်ခုလို သဘောထားပြီး...။

တစ်ကယ့် တစ်ကယ်တမ်း မြို့ကလေးသို့ သူရောက်သွားသောအခါ၌ သူတွေးထင်မှန်း မျှော်ထားသည့်ထက်ပိုပြီး အဆပေါင်းများစွာ အေးစက်ကျဉ်းမြောင်းလှသော မြို့ကလေး၏ အခြေအနေကို မျက်ဝါးထင်ထင် မြင်ရတော့ သူအတော့်ကို စိတ်ဓာတ်ကျမိသည်။

ကြည့်စမ်းပါဦး...။ မြို့က မြို့မဆန်လိုက်ပုံများ။ နာရီစင်ကြီး ကလည်း အဖြစ်သဘောလောက် ပြထားတင်ရဲ့။စက်သေကြီးနှင့် မြို့လယ်ခေါင် တစ်ခုတည်းသောကားဂိတ်မှာ ထင်းထင်းကြီး။ ရုပ်ရှင်ရုံတစ်ရုံလားရှိပါရဲ့။ ဒါပေမယ့် ရုပ်ရှင်မပြတာ ကြာမြင့်ပြီးဖြစ်သော ရုပ်ရှင်ရုံ။ ဈေးကလည်း ဘုရားစူးဈေး။ ခြောက်ကပ်တိတ်ဆိတ်လျက် အိမ်တွေကလည်း တစ်အိမ်နှင့်တစ်အိမ် ဝေးကွာလျက်

သီးခြားဟန်ပေါက်ကာသူစိမ်းဆန်ဆန် စိမ်းသက်လျက် ရှိနေကြပြန်၏ ။ ဆေးရုံဆိုပေမယ့် ကုတင်ငါးဆယ်မျှပင် မပြည့်တတ်သော တိုက်နယ်ဆေးရုံကလေးမျှသာ။ သူနာပြု(အနီဝတ်) လေးယောက်၊ (အပြာဝတ်)နှစ်ယောက်၊သူတစ်ယောက် ဒါပဲဖြစ်သည်။နောက်ထပ်လက်ထောက် ဆရာဝန်တစ်ယောက်ရောက်လာဦးမည်ပြောသည်။

ပြီးတော့ တာဝန်ခံမြို့နယ်ပြည်သူ့ဆေးရုံ ဆရာဝန်ဆိုလို့လည်း သူ့ကို အရေးတယူ အထူးတလည်လုပ်ပြီး ဖိတ်ကြားဧည့်ခံခြင်းမျိုးလည်းမရှိ။ သူ့အလုပ်သူလုပ်ပြီး ကိုယ့်အလုပ် ကိုယ်လုပ်ကာ တစ်နေ့လုံးနေလို့မှ လူရိပ်လူခြည်အင်မတန် မြင်ရခဲသည့်မြို့လည်းဖြစ်လေ၏ ။ ပြီးတော့ အခြားသော ရုံးဌာနများကလည်း အဖြစ်သဘော၊အဖြည့်သဘောမျှသာရှိပေရာ သူ့အဖို့ နှစ်မစေ့ ခင်ပြန်ပြေးရမည့် အဓိပ္ပာယ်ပေါ်နေတော့၏ ။

ပျင်းရိလိုက်တာကလည်း ဆိုဖွယ်ရာပင် မရှိတော့ချေ။ တူတူတန်တန် စကားပြောဖော်လည်း မရှိရကား…။ ကြာတော့ စားရေးသောက်ရေးက သူ့မှာ ပြဿနာတစ်ခု ဖြစ်လာသည်။ အဲဒီ တော့ မြို့တစ်မြို့လုံးမှာ အစည်ကားဆုံးလို့ ပြောနိုင်သောနေရာက ကားဂိတ်ရှိရာ နာရီစင်ကြီးရှိရာ ကားလမ်းဘေးနှင့် ကပ်လျက်ဖြစ်သည့် မီးရထားလမ်းရှိရာ ကားလမ်းဘေးနှင့် ကပ်လျက်ဖြစ်သည့် မီးရထားလမ်းရှိရာ ထမင်းဆိုင်တန်းလေး ကျိုးတိကျိုးတဲဆီသို့ သူရောက်ခဲ့ရတော့သည်။ ထမင်းစားဖို့ ဆိုင်မရှိလို့ မဖြစ်တော့ပြီ။

ဒီမြို့က လူတွေက ခက်တော့လည်း ခက်သည်။ သူတို့မှာ ရောဂါဘယ ကြီးကြီးမားမား ရှိလာပြီဆိုမှ ဆေးရုံကို အပြေးတစ်ပိုင်း ရောက်လာကြပြီး ခါးကျိုးမတတ် ဦးညွှတ်တတ်ကြသော်လည်း ဆေးရုံက ဆင်းသွားပြီဆိုတာနှင့် အကုန်လုံး စုပ်စ မြုပ်စ ပျောက်ကုန်ကြလေ၏ ။ ထွေရာလေးပါး ကျေးဇူးစကားဆိုဖို့ပင် သတိမရကြ။ ကျေးဇူးတင်ဖို့၊ချီးမွမ်းဖို့၊ ဂုဏ်ယူဖို့ မေ့နေကြဟန်တူသည်။ ပေါင်းသင်းဆက်ဆံရေးကျဲပါးသော မြို့သားများကိုလည်း

သူသဘောမတွေ့လှချေ။

သူ့ကို ဆေးရုံပြတင်းဂကနေ လာလာပြီး ချောင်းမြောင်းကြည့်ရှုကြသော်လည်း လမ်းတွေ့လို့သူက ပြုံးပြနှုတ်ဆက်ပြန်တော့လည်း ခြံစည်းရိုးဘေးနားအထိ တိုးလျှောက်ပြီး ခေါင်းငုံ့ကာ မသိကျိုးကျွံ ပြုနေကြပြန်၏။ ဘယ်လိုလူတွေမှန်းလည်းမသိ။ ဆယ့်ခါရံတစ်ခါတော့ စားသောက်စရာ များဘယ်က ဘယ်လိုမှန်းမသိ ရောက်လာတတ်ပေမယ့် လူသူလေးပါး အရိပ်အခြည်မမြင်ရတတ်။

ပြီးတော့ သူတို့မှာက ယာပျက်ရတာ နှင့်၊ကမ်းပြိုရတာ နှင့် ပြဿနာပေါင်းစုံနှင့် သူတို့ခမျာတစ်တွေမှာ မအားမလပ်နိုင်ကြဘဲ ရောဂါဘယကို ဖိမ်ခံပြီး ကုသနေနိုင်လောက်အောင် အားယားနေသူမျိုးလည်း မရှိရှာဘူး ထင်ပါရဲ့။ သူ့ထံရောက်လာတတ်သော လူနာများမှာ ပိုးထိလို့၊ အနာရင်းပြီး ငန်းဝင်လို့ အစရှိသဖြင့် အရေးပေါ် အခြေအနေလူနာများသာ များပေသည်။

သူအထူးပြု အားထားသော နှလုံးရောဂါသမားဆိုတာ ယောင်လို့တောင်ရှာမရချေ။ ဘာတစ်ခု စိတ်ဝင်စားဖွယ်မရှိသော ဒီမြို့သိမ်မြို့စွန်ကလေးမှာ ဆရာဝန်၏ အရေးပါသော အခန်းကဏ္ဍဟာ ဘာလဲလို့ မေးယူရလောက်အောင် သွေ့ခြောက်ခဲ့ပေ၏။

နေပူကျဲကျဲတောက်တောက်ကြီးတွေကို မမှုနိုင်အားပဲ ခြောက်ကပ်တိတ်ဆိတ်လှသော မြို့၏ လူသူပါးလျားရာ လမ်းမများကိုဖြတ်၍ ဆေးရုံနှင့် မလှမ်းမကမ်းမှ ကားဂိတ်ဘူတာဆုံရာ ထမင်းဆိုင်တစ်ဆိုင်ဆီသို့ အချိန်မှန်မှန် သူရောက်မြဲ။

“ဟော…အစ်ကိုလာပြီ”

သူ့ကိုမြင်သည်နှင့် မျှော်နေမှန်းသိသာလောက်အောင် ချိုမြရွှင်လန်းသွားသောမျက်နှာ၊ အသင့်ဖျော်နှပ်ထားပြီး ပူနေအောင်

မီးဖိုပေါ်တင်ထားဆဲဖြစ်သော လက်ဘက်ရည်ချိုရဲရဲ တစ်ခွက်တို့က နာရီစည်းချက်မှန်စွာ အချိန်ကိုက်လှုပ်ရှားသွား၏ ။

"အစ်ကိုဗိုက်ဆာပြီးလားဟင် ...စားတော့မလား"

ဆံပင်ထူထူမဲမဲတွေက အုန်းဆီဖြင့်ပြီး နက်မှောင်လို့ နေကြပြန်၏ ။ သနပ်ခါးပါးကွက်ကြားကလေးနှင့် သနားကမားရုပ်ရည်သာသာရှိသော မိန်းကလေး။ သူ့ကို "အစ်ကို"၊"အစ်ကို" လို့ခေါ်မယ့်အစား "ဆရာ" ဖြစ်ဖြစ် ခေါ်ဖို့ကောင်းသည်မဟုတ်လား။ အနည်းဆုံး သူ့ဂုဏ်ပုဒ်လေးလောက်ဖြစ်ဖြစ် သိတတ်သမှုပြရမှာ။

ဒီမိန်းကလေးက ဒါတွေကိုလည်း နားလည်မယ်မထင်။

" ကနေ့...ဘာချက်ထားလဲ"

"အစ်ကိုက ဆတ်သားခြောက်မီးဖုတ်ပြီး ဆီရွှဲရွှဲဆမ်းတာစားချင်တယ်ဆိုလို့ အမေ့ခမျာ မနည်းရှာဝယ်ထားရတာ "

"ဟုတ်လား...ကျေးဇူးတင်ပါတယ်ဗျာ...တကူးတက ဖြစ်သွားပြီးထင်ပါရဲ့ အားနာလိုက်တာ"

"အို...အစ်ကိုကလည်း ဘာအားနာတာလဲလို့၊ သူစိမ်းကျနေတာပဲ"

အချက်အပြုတ်ကောင်းသလို စိတ်ထားမှန်ပြီး သင့်တင့်မျှတသော ဈေးနှုန်းဖြင့် သန့်သန့် ရှင်းရှင်း သပ်သပ်ရပ်ရပ်နှင့် အရသာရှိရှိ တစ်နေ့တစ်မျိုး မရိုးရအောင် ချက်ပြုတ်ကျွေးမွေးတတ်သော ကျေးလက်က အမေနှင့် သမီးလေး။

"တစ်ခါ တစ်ခါ ကိုယ်သိပ်အားနာတာပါ ခင်ဦးရာ၊ကိုယ်က ဈေးများတော့ မင်းတို့ သားအမိခမျာ မရအရရှာဝယ်ရ၊ အချိန်မီအောင် ချက်ပြုတ်ရနဲ့"

"အစ်ကိုကလည်း အခြားဝန်ထမ်းတချို့တလေလည်း လာစားတာပဲဟာ၊

အတူတူ ဝယ်ရတာ ပါပဲ၊ ခင်ဦးတို့က အခယူတယ်မဟုတ်လား အစ်ကို ... စားသုံးသူကျေနပ်မှ ကောင်းမှာပေ့ါ ... မဟုတ်လား”

“မဟုတ်တာ အစ်ကိုရယ်...ဒီဆိုင်မှာ လာစားတဲ့ ဝန်ထမ်းတွေထဲမှာ အစ်ကိုပေးတာ အများဆုံးပဲ၊ ညီမကသာ မျက်နှာပူနေတာ”

“ဘာဖြစ်လို့ မျက်နှာပူရမှာလဲ ခင်ဦးရဲ့”

“အစ်ကိုက...ခင်ဦးရဲ့...ခင်ဦးရဲ့...ဟိုလေ...ဟို...အို... ဘယ်လိုပြောရမလဲ...အစ်ကိုက ခင်ဦးရဲ့ ရည်းစားပဲဆိုတော့ ပိုက်ဆံယူဖို့ မသင့်ဘူးပေ့ါ”

သူက ဝါးလုံးကွဲ မရယ်ချမိအောင် ကြိုးစားထိန်းလိုက်မိပေမယ့် ပြုံးဖြစ်အောင် ပြုံးမိသွားလေ၏။ အော်...ခင်ခင်ဦး...ခင်ခင်ဦး ။အ လိုက်တဲ့ ကလေးမနှယ်...။

“အလဲ့...ရည်းစားဖြစ်ရင် လခ မယူရဘူးတဲ့လား”

“ခင်ဦးက အစ်ကို့ကို အလကားကျွေးချင်တာ အစ်ကို့ဆီက ပိုက်ဆံယူပြီး ချက်ကျွေးနေရတာ ကို စိတ်ထဲမကောင်းဘူး”

“ကိုယ့်မှာပြေလည်ပါတယ် ခင်ဦးရာ၊ ယူမှာသာယူ...အလုပ်က အလုပ်ပေ့ါ၊ အလုပ်နဲ့ ကိုယ်ရေးကိုယ်တာကို မရောရဘူးကြားလား။ ကိုယ်ဒီမှာ အချိန်တန်ရင် ပူပူနွေးနွေးနဲ့ အရသာရှိရှိ စားနေရတာ ကိုပဲ ကျေးဇူးတင်လှပါပြီကွာ။ မင်းက အချက်အပြုတ်တော့ တယ်ကောင်းပဲ ခင်ဦးရဲ့”

“တစ်ကယ်လား...ခင်ဦးချက်တာ အစ်ကိုကြိုက်သလား”

“ကြိုက်တာပေ့ါကွ”

ဝင်းပသွားတဲ့ မျက်နှာဝိုင်းစက်ကလေးဆီမှာ ရိုးသားစွာ ရင်ခုန်စွာ မျှော်လင့်ခြင်းနဲ့ ယုံကြည်အားထားခြင်းတွေပြည့်လို့။

“အမြဲတမ်း ချက်ကျွေးမှာလား”

“ အစ်ကိုက ဘာရယ်တာလဲလို့ ...ခင်ဦး ပြောတာ မယုံလို့လား”

အော်...တုံးလိုက်တဲ့ သိုးမကလေး။ ဘယ်သူက ဘယ်သူ့ကို မယုံရမှာလဲ။ မင်းမသိဘူးလား ခင်ဦးရယ်။ မင်း...သိပ်ရိုးတာပဲ။

“ဒီနေ့ နှုတ်ခမ်းနီဆိုးဆေးတွေ ဘာတွေနဲ့”

“အစ်ကိုက အလှကြိုက်တယ်ဆိုလို့ပါ”

ဒီလိုမျိုးဖြူစင်ရိုးသားလွန်းပြန်တော့လည်း ရင်ထဲမှာ မကောင်းလှ။ အတန်းပညာမရှိ၊ အတတ်ပညာမရှိ၊ ဖခင်မရှိ၊ ဥစ္စာမရှိတဲ့ မိခင်မုဆိုးမကြီးနဲ့ ထမင်းရောင်းရတဲ့ ကောင်မလေး။ ဘဝကို ရုန်းကန်နေရတဲ့ ဖြူဖြူစင်စင် အပြစ်ကင်းကင်း ကောင်မလေး။ လောကအကြောင်း လူတွေအကြောင်း ဘာဆိုဘာမှ မသိရှာတဲ့ အဖြူထည်သက်သက် ကောင်မလေး။ကိုယ်က ဘာကောင်လဲ ခင်ဦးရဲ့။ ကိုယ်က ဆရာဝန်လေ။

ဒီမြို့ကို ရောက်လာရတာ ဟာ အပြစ်ဒဏ်တစ်ခုကို ကျခံဖို့ရောက်လာတာလို့ မှတ်ယူထားတဲ့လူလေ။ ကိုယ့်အတွက် အရေးပါတာ ဘာမှမရှိတဲ့မြို့၊ ရိုးပြတ်တောတွေနဲ့ ခြောက်သယောင်းထနေတဲ့မြို့ဆီက ဘာမှမရှိ၊ ဘာမှမတတ်၊ ဘာမှမသိတဲ့ မိန်းကလေးကို အပျင်းပြေရုံသဘောမျိုး မထားရင် ကိုယ်က ဘာသဘောမျိုး ထားရမှာလဲ။

ပြီးတော့ ဒီမြို့မှာ တစ်ခြားဆွဲဆောင်မှုဆိုတာလည်း ဘာမှမရှိဘူး မဟုတ်လား။ ဟင့်အင်း... ကိုယ်က ဒီလိုဘာမှ မယ်မယ်ရရမရှိတဲ့ မိန်းကလေးတစ်ယောက်အတွက် ဘဝကို စတေးခံရ လောက်အောင် ညဏ်နည်းတဲ့လူမဟုတ်ဘူး။ မိုက်မဲတဲ့လူ မဟုတ်ဘူးခင်ဦး။ အဲဒါကို မင်းနားလည်လား။

"ဘယ်လိုလဲ…ညနေဆိုင်သိမ်းရင် ကိုယ်လမ်းလျှောက်တဲ့နောက် လိုက်ဦးမှာလား"

"အစ်ကိုက ဟိုးအဝေးကြီးတွေအထိ သွားတာချည်းရယ်"

"မဝေးပါဘူးကွ၊ လမ်းလျှောက်တယ်ဆိုမှတော့ တစ်မိုင်နီးပါးတော့ လျှောက်ရမှာပေါ့ ခင်ဦးရဲ့။ ဒါမှ အညောင်းအညာပြေတာ…မင်းက ဆိုင်မှာ တစ်နေကုန် ကုပ်ချိနေပြီးများ…"

"အပြန်ကျ မှောင်လည်း ကိုယ်ရှိတာပဲဟာ"

"အေးလေ..မှောင်လည်း ကိုယ်ရှိတာပဲဟာ"

"အဲ့ဒါဆို ဆိုင်စောစောသိမ်းမယ်လေ…နော်"

"ရေမိုးချိုးပြီး လှလှလေးဝတ်ခဲ့"

"ဟွန်း…အစ်ကိုကလည်း ဘယ်သူမှ မြင်မှာလည်း မဟုတ်တော့ပဲနဲ့"

"မင်းတို့မြို့မှာကော မြင်စရာလူ ရှိသေးလို့လား ခင်ဦးရယ်..မင်းကို "ကို" လှအောင်ပြင်ခိုင်းတာ "ကို" ကြည့်ဖို့ပဲ…တခြားဘယ်သူမှ ကြည့်စရာမလိုဘူး"

တအံ့တသြ မျက်လုံးပင့်လှန်ကြည့်လိုက်တဲ့ မိန်းကလေးရဲ့ ကြည်နူးရိပ်လွှမ်းသွားတဲ့ မျက်နှာကလေးနဲ့ ကြည်လင်တောက်ပနေတဲ့ မျက်ဝန်းအစုံကိုတော့ ကိုယ်နာကျင်စိတ် အဖြစ်သားကွယ်။

ဒါပေမယ့် …ခင်ဦးရယ်"ကို" ကဘယ်သူလဲ။ "ကို" က မင်း ရည်စားပဲမဟုတ်လား။

ဒီတိတ်ဆိတ်ခြောက်သွေ့လှတဲ့ အထီးကျန်အကျည်းတန်လှတဲ့ မြို့ကလေးကနေ ထွက်ခွာခွင့်ရဖို့ သူ့မှာ သိပ်ကြာကြာ မစောင့်လိုက်ရတော့ပြီ။ သူပဲကံကောင်းတာလား ခင်ခင်ဦးကပဲ လွှမ်းဖို့ကံ ပါလာသလားမဆိုနိုင်။ နိုင်ငံခြားမှာ ခွဲစိတ်ပညာလေ့လာသင်ယူဖို့ ဆရာဝန်လောင်းလျာအသစ် စာရင်းများ

ထုတ်ပြန်လိုက်သောအခါ သူ့အမည်သည် ထိပ်ဆုံးမှ ပါလာ၏ ။ မိုးမမြင်လေမမြင် ပျော်လိုက်သည့်ဖြစ်ခြင်း။ ကျွတ်ပြီ…လွတ်ပြီပေါ့။

သူထင်ပါတယ်။ သူ့လို လူတစ်ယောက်ဟာ ဒီလိုနေရာအနေအထားမျိုးနဲ့ ဘာဆိုင်လို့လဲ။ ဒီလိုပါချီပါချဲ့ ချောက်တိချောက်ချက် မြို့ကလေးဟာ သူ့ရဲ့ နေရာမှန်မဟုတ်။ သူ့ရည်မှန်းချက်တွေ အကောင်အထည်ပေါ်ပြီ။ သူဖြစ်ချင်တဲ့ ခွဲစိတ်ပါရဂူကြီးဖြစ်ဖို့ အခွင့်အလမ်း ပေါ်ခဲ့ပြီပဲ။ ကျန်တာ ဘာမှမလို။ သူ့ကြိုးစားအားထုတ်မှု ရေကုန်ရေခန်း ပြုနိုင်သူ အခြားတစ်ယောက်မရှိ။ ကိုယ်လိုရာ နေရာကိုရောက်ဖို့ အခွင့်အရေးကို အမိအရ ဆုပ်ကိုင်ထားဖို့က သူ့တာဝန်။

အမြင့်ဆုံးနေရာမှာရှိရမည့်သူက အခြားသူမဖြစ်စေရ။ သူသာလျှင် ဖြစ်ရပေမည်။

“အစ်ကို”

အလွန်ထက်သန်တက်ကြွလျက် လာရာလမ်းကို ကဆုန်ပေါက် အပြေးပြန်မည့် သူ့ကို မျက်နှာငယ်လေးနှင့် တုန်ရီလှိုက်မောစွာ ပူပင်စိုးရိမ်တကြီး ခေါ်လိုက်တဲ့အသံ။

“ခင်ဦး”

“အစ်ကိုပြန်တော့မယ်လို့ ပြောနေကြတယ်…ဟုတ်လားဟင်”

အော်…သနားစရာ မိန်းကလေးရယ်။ ဟုတ်တယ်… “ကို” ပြန်တော့မယ်။

“အင်း…ခင်ဦးကို ဘယ်သူပြောလဲ”

သူက ဘာမှမဖြစ်သလို ပေါ့ပေါ့တန်တန်ဖြေတော့ မိန်းကလေးက ရုတ်ချည်းမျက်ရည်ဝဲလေ၏ ။

“ခင်ဦးကို ဘာဖြစ်လို့ မပြောတာလဲ အစ်ကိုရယ်”

"မသေချာသေးလို့ပါ ခင်ဦးရဲ့၊ ပြီးတော့ "ကို" ပြောမထွက်လို့

တစ်မြို့လုံးတောင် သိနေကြတာအစ်ကို ...ခင်ဦး တစ်ယောက်တည်းမသိတာ

"မထုံတက်သေးနဲ့ ဘာသိဘာသာ မြို့သားတွေက ကိုယ့်သတင်းကို မယုံနိုင်စရာ၊ တယ်လဲ စိတ်ဝင်စားလိုက်ပါလားကွဲ့...အလဲ့"

"ဒီလိုမပြောပါနဲ့ အစ်ကိုရယ်...ဒီမှာက အစ်ကို့ကိုပဲ အားကိုးနေကြတာမဟုတ်လား၊ အစ်ကို့ကိုတော့ တစ်မြို့လုံးက သံယောဇဉ်ကြီးကြပါတယ်အစ်ကိုရယ်...အစ်ကိုက မသိလို့သာ..."

"ထားပါတော့ ....ထားပါတော့....ခင်ဦး မင်းပြောလို့သာ ယုံလိုက်ရတာ မယုံချင်စရာကြီးကွာ"

သူများတွေကို အစ်ကို မယုံချင်လဲ မယုံနဲ့ပေါ့၊ ဒါပေမယ့် ခင်ဦးကိုတော့ အစ်ကို ယုံပါတယ်နော်...ဟင်

အော်...ခင်ဦး ...ခင်ဦး။ သူ့ကိုယုံသလားတဲ့၊ လုပ်နေပြန်ပါပြီ။ ကိုယ်က သွားရမယ့်သူ။ မင်းက ကျန်ရစ်ခဲ့မဲ့သူ။ ဒါတွေမင်းသိလား။

"အေးပါ...ဒီမြို့မှာ မင်းကို "ကို" အယုံကြည်ဆုံးပဲ"

အစ်ကို အရမ်းကြာမှာလားဟင်

ဒီစကားတွေကို သူမက အလွန်အင်မတန် ဖျော့တော့အားနည်းလှစွာ မေးလေ၏ ။

"မကြာပါဘူးကွာ...ခဏလေးပါ"

အတန်ကြာသည့်တိုင် စကားမဆိုနိုင်သေးဘဲ သူမက သူ့ကို ငေးရီလျက် နေပြန်၏ ။

“ခင်ဦး အစ်ကို့ဓာတ်ပုံ တစ်ပုံလောက် လိုချင်တယ်....ပေးခဲ့ပါနော်၊ အစ်ကိုပြန်မလာသေးခင် .... သတိရတဲ့အခါ ကြည့်ရအောင်လို့ ...နော်”

သူကရုဏာသက်သွားမိသည်။ ဒီလိုဆိုတော့လည်း ကိုယ့်ရင်တွေ နာရပါရဲ့ ခင်ဦးရယ်။ မင်းက သိပ်ကို အပြစ်ကင်းနိုင်လွန်းတယ်။ ရိုးသားနိုင်လွန်းတယ်။

“ခင်ဦးဓာတ်ပုံလည်း အစ်ကို့ကို တစ်ပုံထည့်ပေးလိုက်မယ်လေ”

“မထည့်ပါနဲ့ကွာ”

“ဟင်...ဘာဖြစ်လို့လဲ အစ်ကိုရဲ့ ခင်ဦးကို သတိရရင် အစ်ကို့မှာ ကြည့်စရာမရှိဘဲ ဖြစ်နေပါ့မယ်”

“မကြာပါဘူးကွာ...ကိုယ်ပြန်လာမှာပဲဟာ...ပြီးတော့ ရည်းစားဘဝမှာ ဓာတ်ပုံမပေးကောင်းဘူးတဲ့... သိရဲ့လား”

“မသိပါဘူး...ဒါပေမယ့် အစ်ကို့ဓာတ်ပုံတော့ ခင်ဦးယူထားရမယ်... သတိရတဲ့အခါ ထုတ်ကြည့်ရအောင်ပေါ့ အစ်ကိုရယ်...ခင်ဦးက စိတ်မှန်းနဲ့ လွမ်းရတာ ကို အားရမယ်မထင်ဘူး”

“အေးပါကွာ...”ကို” ထားခဲ့ပါမယ်”

သူမကို ငေးစိုက်ကြည့်ရင်း ပထမဆုံးအကြိမ် စစ်မှန်သော ကရုဏာများဖိတ်လျှံယိုစီး ကျလာသည်။ ခွင့်လွှတ်ပါ ခင်ဦးရယ်...ဒါမှမဟုတ် ဘယ်တော့မှ ခွင့်မလွှတ်ဘဲ နာကျည်းမုန်းတီး ပစ်လိုက်စမ်းပါ...။

ဒါပေမဲ့ ...မင်းတော့ မကျရှုံးလိုက်ပါနဲ့ ခင်ဦးရယ်။

ချစ်ခင် ကြင်နာ ယုယတတ်တာကလွဲလို့၊ သာယာယစ်မူးစရာကောင်းတာကလွဲလို့၊မင်းက ဘာဆိုဘာမှ ပိုင်ဆိုင်မှုမရှိရှာတဲ့၊ လူရေးလူရာမဝင်တဲ့ နုံနုံအအ ကျေးတောသူ တစ်ယောက်ပဲမဟုတ်လား။

"အစ်ကို"

"ဟင်"

"ခင်ဦး...အစ်ကို့ကို စောင့်နေမယ်နော်...သိလား"

"......"

"နော် ...အစ်ကို မကြာနဲ့သိလား...ခင်ဦး အရမ်းသတိရနေမှာ"

အော်...မိုက်ပါဘိ မိန်းကလေးရယ်။ နောက်ဆုံး အချိန်ထိ မင်းက မိုက်မဲ မိုက်နိုင်လွန်းပါဘိ။

သူ့ထက် အသက်အားဖြင့် ခြောက်နှစ်ကျော်လောက်ကြီးသော ဂျူးကပြားမလေး အင်နာကို နှလုံးခွဲစိတ်ကုသပေးရသည့် ဖြစ်စဉ်တစ်ခုကြောင့် ကျွမ်းဝင်ပက်သက်လာရခြင်းသည် သူ့ဘဝ၌ မထင်မှတ်လောက်အောင် ကြီးကျယ်ခမ်းနားစွာ အလျင်အမြန် ပြောင်းလဲတိုးတက်လာခဲ့သည်။

ဒီတုန်းက သူနိုင်ငံခြားပညာတော်သင်မှ ပြန်လာကာစ။ သူ့အမည်နာမသည်လည်း သူတို့၏ ဆေးလောကမှာ ရေပန်းစားကာစ...။ လူသိများထင်ရှားလာစ ပြုလာချိန်လည်း ဖြစ်လေသည်။

အင်နာ့အဖေက ဂျူးအဖိုးကြီးစစ်စစ်။ အင်နာ့အမေက တရုတ်မြန်မာကပြားမ။ သူ့အဖေက ဂျူးကြီးက အင်္ဂလန်ပြန်သွားတော့ အင်နာက မိခင်ဖြစ်သူနှင့် မြန်မာပြည်မှာ ကျန်ရစ်သည်။ အင်နာ့မိခင်က မြန်မာပြည်ကို ခွဲခွာပြီးဘယ်မှ မသွားနိုင်ပါတဲ့။ အင်နာက ဂျူးတရုတ်ကပြားပီပီ အတော်လေးကို လှပသည်။ အသားအရေက စိုဝင်းပြီး မွတ်ညက်နေ၏ ။ သူမ၏ မျက်လုံးစိမ်းပြာပြာကြီးတွေက အင်မတန်ဆွဲဆောင်မှုရှိလေသည်။ အင်နာတို့၏ ငွေကြေးကြွယ်ဝမှု အတိုင်းအတာကို တော့ သူ, မခန့်မှန်းတတ်။ အင်နာ့မိခင်၏ နှလုံးရောဂါခွဲစိတ်မှုကို အကြောင်းပြု၍ အင်နာနှင့်သူ ဆုံဆည်းခွင့်ရခဲ့ခြင်း။

အင်နာက သူမမိခင်ကို ဖခင်ရှိရာ အင်္ဂလန်မှာသွားပြီး ဆေးကုသမှုခံယူစေချင်သည်။ အင်နာမိခင်က ယုတ်စအဆုံး မတော်လို့ ချွတ်ချော်တိမ်းပါးခဲ့ လျှင်တောင် မြန်မာပြည်မှာပဲ ခေါင်းချချင်သည်တဲ့။

ဒီလိုဆိုတော့ သူ့ကို ကံတရားက ဘုံခုနှစ်ဆင့်အမြင့်သို့ ဆွဲတင်လိုက်ဖို့ရာ အခွင့်ကောင်း ဖြစ်တော့ပြီ။ သူ၏ ခွဲစိတ်ကုသမှုမှန်သမျှမှာ အဖိတ်အစင်အလေအလွင့်မရှိ။ အပြစ်ပြောစရာ တစ်ခွန်း တစ်စ မရှိလောက်အောင် သေသပ်ကောင်းမွန်ခဲ့ပေ၏ ။ အင်နာနှင့် တွေ့ခြင်းသည် ဘဝမှာ လိုတရ ဖြစ်ခွင့်ရခြင်း နှင့်မခြားပင် ဖြစ်ချေ၏ ။ ဘာကားစီးချင်သလဲ၊ ဘာဖြစ်ချင်သလဲ၊ ဘာလုပ်ချင်သလဲ။ ကိစ္စဘာမဆိုတိုင်းသည် သူက မပြောရဘဲ အလိုလိုပြီးစီးပြည့်မြောက်နေတတ်လေသည်။ အင်နာ့ အသိုက်အမြုံထဲသို့ သူဝင်ရောက်ခဲ့သည့်နေ့မှစ၍ သူသည် သူ့ဝန်းကျင် အသိုင်းအဝိုင်းကိုပင် အဝေးမှသာ ထောက်ပံ့လျက်စွန့်ပယ်ပစ်ခဲ့လေ၏ ။

အင်နာသည် သူမှန်းမျှော် ထင်မြင်ထားသည့်ထက် အဆရာပေါင်းများစွာ သာလွန်အောင် သူ့ကို လိုက်လျောနားလည်မှု ပေးခဲ့လေ၏ ။ အင်နာသည် သူ၏ ဆေးပညာကို အထင်ကြီးခြင်းတော့ မဟုတ်တန်ရာ။ဖြစ်ချင်းဖြစ်လျှင် တစ်သက်တာလုံး အပျိုကြီးဘဝဖြင့် အေးအေးဆေးဆေး နေတတ်ခဲ့သော အင်နာက သူ့ကို အလွန်အင်မတန် ချစ်ခင်မြတ်နိုးခဲ့ခြင်းသာလျှင် ဖြစ်ပေလိမ့်မည်။

အင်နာသည် မိခင်ကို အလွန်ရှိသေသူဖြစ်ရကား မိခင်အားကိုးအားထားပြုနေသော သူ့ကိုလည်း အဘယ်မျှ ရှိသေလေးစားသည်ကိုကား ပြောဖွယ်ရာမရှိတော့ချေ။ မည်သို့ပင်ဖြစ်စေ သင်္ခါရ သဘောတရားတို့ကို လူသားတိုင်း မလွန်ဆန်နိုင်သော သဘောသဘာဝအရ အင်နာ့အမေ ကွယ်လွန်သောအခါ ၌ သူသည် အကြောင်းပြချက် တစ်စုံတစ်ရာ ရှည်ရှည်ဝေးဝေး ပေးစရာမလိုဘဲ အင်နာ့အိမ်ပေါ်သို့ ရောက်ခဲ့လေသည်။ သူတို့နှစ်ဦးအတွက် ပျားရည်လိုချိုမြသော မင်္ဂလာဦးကာလတို့ကို အင်နာက

အပြည့်အဝ ယူဆောင်ပေးခဲ့ပေသည်။

“မောင်…အင်နာအင်္ဂလန်ပြန်ရင် မောင်လိုက်ခဲ့ရမယ်နော်”

မမျှော်လင့်သောအချိန်၌ မမျှော်လင့်သော စကားတစ်ခွန်းကို အင်နာက ဆိုလာသောအခါ သူ့မှာ များစွာကြောင်အ မင်သက်ခဲ့ရလေ၏။

“ဘာသွားလုပ်မှာလဲ မိန်းမရဲ့”

“အော်ကွယ်…ဟိုမှာ ပါပါတစ်ယောက်လုံး ရှိနေသေးတာကော… မောင်ရဲ့”

သူကမူဆိုးသည်၊ ကောင်းသည် ဘာတစ်ခွန်းမှ ဝေဖန်ပိုင်းဆစ်ခြင်း၊ ပြန်လှန်ငြင်းခုံခြင်းမရှိ၊ အသက်ရှည်ပြီး လွမ်းနာကျနေသော ဂျူးအဖိုးကြီးက သူ့သမီးကို အင်္ဂလန်သို့ အပါခေါ်နေလေ၏။ သူမမှာ သွေးသားရင်း ဆိုလို့ အဖေသာလျှင် ရှိတော့ကြောင်းနှင့် မြန်မာပြည်မှာ သူမ အနေဖြင့်တစ်ကောင်ကြွက်။ ဟိုမှာက သူမဖခင်၏ ညီအစ်ကိုမောင်နှမများရှိလေရာ အင်္ဂလန် အခြေ ချဖို့ ကိစ္စကို အင်နာက အရေးတကြီး စဉ်းစားလေ၏။

သူမအစ်ကို ဂမ်းကွဲတွေ၊ နှမဂမ်းကွဲတွေ၊ အန်တီ၊အန်ကယ်လ်တွေက အင်နာ့ကို တပူပူ တကျီကျီ တိုက်တွန်းနေပြန်တော့လည်း အင်နာ့ခမျာ စိတ်မပါဘဲ မနေနိုင်။

သူကတော့ အင်္ဂလန်မှာ လိုက်မနေနိုင်။ တိုင်းပြည်ကြီးကို သိပ်ချစ်နေလို့လား ဆိုတာတော့်လည်း မဟုတ်ပါ။ ဒီမှာက သူ့အနေဖြင့် နေတစ်ဆူ၊ လတစ်စင်း ဖြစ်နိုင်ပေမယ့်လို့ အင်္ဂလန်လိုနိုင်ငံမျိုးမှာ သူ့လို ခွဲစိတ်အထူးကု ဆရာဝန်လောက်က ဘာမှုစရာ ဟုတ်လောက်လို့လဲ။ အင်္ဂလန်လိုနိုင်ငံထက် သူ့မှာ မက်မောနေရသည့်အရာရှိသည်။ အဲ့ဒါက ဘာလဲဆိုတော့ သူ့ကိုယ်သူ ခမ်းနားကြီးကျယ်အောင်၊ ဂုဏ်ရှိန်ဂုဏ်ဝါကြီးအောင်၊ ဘုရင်တစ်ဆူလို အဖူးမျှော်ခံရအောင် လုပ်လိုခြင်းတည်း။ဘာမဆို သူ့အမည်နှင့် သူ့သြဇာသည်

လျှမ်းလျှမ်းတောက်နေရမည်။

မြန်မာပြည် ဆရာဝန်လောကမှာ နှလုံးခွဲစိတ်အထူးကု ဆရာဝန်ကြီးပါရဂူကြီး ဒေါက်တာ အံ့ကြီးမောင်မှလွဲ၍ အခြားယှဉ်ပြိုင်နိုင်သူ မရှိစေရ။ ဆရာဝန်လောက၏ ဩဇာတိက္ကမ အကြီးဆုံး ပုဂ္ဂိုလ်ဟာ သူသာလျှင်ဖြစ်ရမည်။

“မောင်…အင်္ဂလန်ကို မကြိုက်ပါဘူးဆို…မ,ကလဲ”

“ဘာလို့လဲ မောင်ရဲ့၊ ဘာကို မကြိုက်တာလဲ”

“ဟိုမှာ အရမ်းအေးတယ်ကွ၊ မောင်ပါရဂူဘွဲ့ယူဖို့ ကျောင်းသွားတက်တုန်းကလည်း နေဖူးပါပြီ။ မောင်အဲ့ဒီနိုင်ငံရဲ့ ရာသီဥတုကြီးကို မကြိုက်တာ မောင်နဲ့မကိုက်ပါဘူး”

“အေးတာများမောင်ရယ် ပူအောင်လုပ်လို့ရသားနဲ့”

“ဟင့်အင်း….မောင်ဒီတိုင်းပြည်မှာပဲ နေချင်တယ်”

“မောင့်စိတ်ဓာတ်ကို အင်နာချစ်ပါတယ်ကွယ်၊ ကြည်ညိုလေးစားပါတယ်။ အင်နာလည်း ဒီမှာမွေးပြီး ဒီမှာကြီးခဲ့တာပါပဲ မောင်ရယ်။ ဒါပေမဲ့…ပါပါနေဝင်ချိန်ကိုတော့ အင်နာရှိရှိကြီးနဲ့ တစ်ယောက်တည်းပစ်ထားရမှာကို စိတ်မလုံလွန်းလို့ပါ။ ပါပါက နောက်ထပ်နေရ သုံးလေးငါးနှစ် အလွန်ဆုံးပေါ့မောင်ရဲ့…ပြီးတော့ အင်နာက ဒီမှာ တစ်ယောက်ထဲ..မောင်ကဆေးရုံဆေးခန်းမှာ အချိန်ကုန်တာရယ် အထီးကျန်တယ်အချစ်ရဲ့”

“မောင်လည်း ဒါတွေကို မသိတာမှ မဟုတ်ဘဲ မ,ရဲ့…သိတာပေါ့။ မောင့်အလုပ်က ဆေးရုံဆေးခန်းမှာ အချိန်ကုန်ရတဲ့ အလုပ်ပဲမဟုတ်လား။ဒါပေမဲ့ မ,ပြန်လိုက်သွားချင်တယ်ဆိုရင် မောင်မတားသာပါဘူး။ ဖအေအိုကြီးဆိုတော့လည်း

ပြုစုဖို့ စိတ်အားထက်သန်နေတဲ့ မရဲ့ မြန်မာဆန်လှတဲ့ စိတ်ဓာတ်ကလေးကိုလည်း မောင်ဂုဏ်ယူပါတယ်ကွာ။ မ, သွားမှာသာ သွားပါ၊ သွားလိုက်လာလိုက်ပေါ့ မဟုတ်ဘူးလား။အဲ့သလို လုပ်ရင်လည်း အဆင်ပြေတာပဲ။ မောင်တော့ မလိုက်ပါရစေနဲ့”

“အင်းလေ အင်နာတို့ စဉ်းစားကြသေးတာပေါ့ …နော်…မောင်”

“မောင့်ဖက်ကတော့ စကားကုန်ပြီမ…မောင်မလိုက်နိုင်ဘူး၊ဒါ…မောင့်ရဲ့ နောက်ဆုံးစကားပဲ”

“သမီးလေးကို အင်နာခေါ်သွားမှာ”

“ဘာဖြစ်တယ်”

“သမီးလေးကိုပါ ခေါ်သွားမယ်လို့ ပြောတာမောင်ရဲ့၊ ဟိုမှာကျောင်းတက်ဖို့ကိစ္စတွေက ရှိသေးတယ်။ သမီးငယ်တုန်းပဲကောင်းတာ”

သူရုတ်တရက် ဆွံ့အတိတ်ဆိတ်သွားသည်။သူအင်မတန် ချစ်သောသမီး သူ့ကို အမောပြေစေသော တီတီတာတာ သမီးကလေး။ သမီးနှင့် ထိလာတော့ သူ့စိတ်တွေ လဲပြိုယိမ်းယိုင်ချင်သည်။ ဒါပေမယ့်လည်း ဒါက ခဏပါဟု သူဖြေလျှော့ပြန်၏ ။ “ပြန်လာမှာပဲလေ�ဆိုသည့် စိတ်ကို ရင်ထဲက သန္ဓေသားလွယ်သလို လက်ဆုပ်လက်ကိုင် ထည့်လွယ် ထုပ်ပိုးကာ ဖြေသာချင်ပြန်၏ ။

သူက ချစ်သောသမီး …သူ့ကိုချစ်စွာသောသမီး…။

အင်နာနှင့် သုံးနှစ်ကျော်နီးပါး ပေါင်းသင်းခဲ့သည့်နောက် သူမှလွဲလျှင်တစ်ခြား ဘယ်အရာတစ်ခုတလေကိုမှ အရေးမကြီးဟု ယူဆခဲ့သော သူ့ချစ်ဇနီးအင်နာကမူ ယခုဖြင့် ဖခင်အိုကြီးကို မပစ်ပယ်ရက်ပါတဲ့။ ကြည်ညိုဖွယ်ရာတစ်ချက်မှာ အင်နာသည် မိခင်ဆန်သော မိန်းမဖြစ်နေခြင်းပင်။

အင်နာ ပျိုရွယ်စဉ်ကာလ၌ မြန်မာပြည်နှင့် အင်္ဂလန်ကို အခေါက်ခေါက်အခါခါ ကူးချည်သန်းချည် သွားလာယဉ်ပါးဖူးလေပြီ။ သူ့အဆွေ သူ့အမျိုးတွေနှင့် အင်နာမှာ ကျွမ်းဝင်ရင်းနှီးလှချေ၏ ။ သမီးမိန်းကလေး ရှားပါးသော သူမ၏ ဆွေမျိုးစုထဲ၌ အင်နာသည် ဖူးဖူးမှုတ်အောင် အချစ်ခံရသော မိန်းကလေးပင် ဖြစ်ရချေရကား…။

“ပြန်…ပြန်လာပေါ့ မ,ရာ၊ မောင့်ကို အကြာကြီးတော့ပစ်မထားပါနဲ့”

“အင်နာက မိသားစုနဲ့ မခွဲမခွာ နေချင်တာ…သွားချည်ပြန်ချည် လုပ်မနေဘဲနဲ့ မောင့် ကိုပါ ပါစေချင်တာ၊ မောင်ကလည်း သိပ်ခေါင်းမာတာပဲကွာ”

“မောင့်အလုပ်က ဒီမှာကိုးမရဲ့…မောင့်ကိုဒီမှာက အထူးလိုအပ်နေတာ”

“အင်းလေ…မောင်မှ စိတ်မသန်ဘူးဆိုမှတော့…”

“တော်ပြီ…မက အခုနေ ခေါက်ခနဲ ထသွားတော့မှာလည်း မဟုတ်ဘဲနဲ့၊ ကြိုပြီး ပြောမနေစမ်းပါနဲ့ကွာ…ရင်မောလွန်းလို့”

“တစ်ယောက်ထဲဆိုပြီး ပေပေတေတေ ဖြစ်သလို မနေနဲ့နော်မောင်”

“ဘယ်တော့မှ ပြန်မလာတော့မဲ့ လူတစ်ယောက်လိုမျိုး မှာတမ်းတွေချွေမနေပါနဲ့ကွ မ,ရ၊ မောင်..စိတ်တိုလာပြီ”

သူက သို့ကလို ထအောက်လိုက်လျှင် အင်နာက စိတ်အေးလက်အေးပြုံးနေနိုင်လေ၏ ။ ဆုံးဖြတ်ချက်ချပြီးလျှင် မပြင်တတ်သော အင်နာ့၏ သွေးအေးမှုကို သူသိထားပါသည်။ ဒါတင်မက ကျေးဇူးရှိသူ၊ ကျေးဇူးပြုဖူးသူကိုတုံ့ပြန် ကြွေးဆပ်ရမှ ကျေနပ်နှစ်သက်သူတို့ထဲတွင် အင်နာဆိုသော မိန်းမက ထိပ်ဆုံးမှ ပါဝင်လေ၏ ။ သူ အခုလို ကြွားကြွားတောက်တောက် ဝင့်ဝင့်ထည်ထည် နေနိုင်ခြင်းသည်ပင်လျှင် အင်နာ၏ ကျေးဇူးတရားများနှင့် ဖြစ်တည်လာခြင်းပင် မဟုတ်လော။ ချစ်စရာကောင်းလှသော

မျက်လုံးပြူးဝိုင်းဝိုင်း၊ပါးဖောင်းဖောင်း အသားနီစွေးစွေးနှင့် တီတီတာတာ ချစ်စရာသမီးကလေး။ အသံသေးသေးစူးစူးနှင့် အာပြဲအာလောင် အငိုလွယ်တတ်သော ဒီသမီး ကလေးကိုတော့ ခွဲနိုင်ပါ့မလားရယ်လို့ သူ့မှာ စိုးတထိတ်ထိတ် ဖြစ်ခဲ့သေး၏ ။

တကယ်တန်းအချိန်ရောက်လို့ အင်နာနှင့် သမီးကလေး မြန်မာပြည်မှထွက်ခွာသွားပြီဆိုတော့ ပထမ တစ်လ နှစ်လလောက်တွင် လိမ့်လူးလစ်ဟာလျက် အတော်ကလေး အနေခက်၊ အထိုင်ခက် ဖြစ်လိုက်ချေသေး၏ ။ နေသားတကျ မဖြစ်နိုင်ဘဲ ထိုင်မရ၊ ထမရနှင့် အတော်ကလေး စိတ်ပင်ပန်းလိုက်ပြီးနောက်တော့လည်း ဒီကိစ္စက ဘာမှ သိပ်ပြီး ထူးထွေခမ်းနားလောက်အောင် အဆွေးပိုနေစရာ မဟုတ်တော့ဘဲ “သူလည်း ပြန်လာလို့ရနေသားပဲ၊ ငါလည်းသွားချင် လိုက်သွားလို့ ရနေသားပဲ” ဆိုကာ စိတ်ဖြေလျော့ပြီး ကိုယ့်ကိုယ်ကိုယ်နှစ်သိမ့်မှု ယူနိုင်လျှက် ဆေးရုံပြေးလိုက်၊ အထူးကုဆေးခန်းများပြေးလိုက် ပုဂ္ဂလိကဆေးရုံကြီးပြေးလိုက်နှင့် ဂျူတီကုတ်တလွှားလွှားဖြင့် သူ့မှာ လူနာတွေကြားမှာ အချိန်တွေ ကုန်မှန်းမသိ ကုန်ဆုံးလွန်မြောက်နိုင်ခဲ့လေတော့ပြီ။

အရာရာဟာ ပုံမှန်အတိုင်း ပြန်၍ လည်ပတ်နေသားကျချိန်မှာ သူကတော့ ဂီစကီလေးတမြမြနှင့် ဇိမ်ယူတတ်ခဲ့သလို၊ ဆရာ...ဆရာ... ဆရာဆိုသောတပည့်တပန်းများစွာကြားမှာ သာယာနာပျော်ဖွယ် ယစ်မူးကျေနပ် နေတတ်ခဲ့လေပြီ။

♥ ♥ ♥

အင်နာမရှိချိန်မှာ ဘဝဟာ အနည်းငယ် ခါးသက်သက် ဖြစ်နေခဲ့တာအမှန်ပင်။ အိမ်ပြန်လာလို့မှ ယဉ်ပါးစွာ ကြားနေကျဖြစ်သော

သမီးကလေး၏ မပီကလာ ပီကလာ ခေါ်တတ်သည့် “ပေပေ….ပေပေ”ဟူသော ခေါ်သံကလေး မကြားရတော့ ဟာတာတာကြီး ဖြစ်နေလေသည်။ အင်နာကမူ ဖုန်းလေးဆက်လိုက်၊ အီးမေးလ်လေးပို့လိုက်နှင့်မို့ တစ်ခါတရံ အထီးကျန်ချိန်များအတွက် သက်သာရာရနိုင်ခဲ့လေ၏ ။

ဒီလိုမျိုး လုံးလည်ချာလည်လိုက်ရင်း အချိန်နာရီတွေက တစ်ရက်ပြီး တစ်ရက်၊တစ်လပြီးတစ်လ ကုန်ဆုံးလွန်မြောက်ခဲ့ကြသည်မှာ နှစ်ပေါက်လှချေပြီ။ အင်နာကမူ ဟိုကနေ သူ့ကို ဖုန်းတဂွမ်ဂွမ်ဆက်ကာ ခေါ်မြဲ။ သူကလည်း မလိုက်နိုင်ကြောင်း ငြင်းပယ်မြဲ။ ဘဝမှာ ထိုင်ပြီးဆွေးရိလွမ်းမောဖွယ်ချည်းလုပ်နေဖို့ရာ သူ့မှာ ဘယ်တုန်းကမှ အချိန်ပိုမရှိခဲ့။ သူ့၏ အချိန်တိုင်းသည် ရွှေနှင့်စက်ဝယ်ရလောက်အောင် တန်ဖိုးကြီးမားခဲ့ကြပြီ။ သူ့အမည်က သုံးခွင့်ရပါစေ…ကိုယ်ပိုင်ဆေးရုံ ဆောက်ချင်သူတွေမရှား။ သူ့အမည်ကိုသာ အမှီသဟဲ ပြုခွင့်ရကြပါစေ၊ တစ်ပတ်မှာ တစ်ရက်လောက်၊ တစ်ချိန်လောက်သာ မျက်နှာပြပေးပါစေ၊ အထူးကုဆေးခန်းကြီးတွေ ဟီးနေအောင် ဖွင့်ချင်သူတွေကလည်း ဒုနဲ့ဒေး။ သူက ဒီလိုအခြေသတင်းကြီးခဲ့လေပြီ။ ဒီတော့အင်္ဂလန်ကို ဘာကြောင့်သွားဖို့ လိုဦးမည်လဲ။

“မောင်းထုတ်စမ်း…အားလုံးကို မောင်းထုတ်စမ်း…ဒီလူတွေပြောရတာ တော်တော်အာပေါက် တယ်။ တစ်ယောက်မှ တက်မလာကြစေနဲ့

“ပြောနေတာပဲဗျ၊အာပေါက်ယုံတင်မကဘူး၊ အာခေါင်တာင်စုတ်နေပြီ။ ပြောလို့ကို မရဘူး။ ဒီမှာ သန့်ရှင်းရေးလုပ်မယ်လို့ ပြောနေတာ နားမကြားဘူးထင်တယ်…ဟိုနားငုတ်တုတ်၊ ဒီနားငုတ်တုတ်နဲ့”

“ဆရာဝန်ကြီး Round လှည့်မယ်၊ လူနာစောင့်တွေတစ်ယောက်မကျန်အပြင်ထွက်ကြချည်။ ဧည့်သည်တွေလည်း တစ်ယောက်မှ မနေခဲ့နဲ့ ၊ လိုအပ်ရင် လှမ်းခေါ်လိုက်မယ်”

ဝက်ဝက်ကွဲ ဟိန်းထနေတဲ့ ဆေးရုံသန့်ရှင်းရေး အလုပ်သမားများ၏ အသံ၊ လူနာကုတင်လှည်းတွန်းသည့် အလုပ်သမားများ၏ အသံ၊ သူနာပြုဆရာမများ၏ ဟိန်းဟောက်သံ၊သမ္ဘာအတန်အသင့် ရင့်နေပြီဖြစ်သည့် ဆရာဝန်၊ဆရာမတို့၏ ကြိမ်းမောင်း ရေရွတ်သံဖြင့် ဆေးရုံတစ်ခုလုံး ဆူညံပွတ်လောရိုက်နေပေ၏ ။ အင်း...လိုက်လည်း လိုက်ဖက်ကြတဲ့လူတွေ။ သူပြုံးလိုက်မိသည်။ ဘယ်ဆီနား ကုတ်ကပ်နေရမှန်း မသိလောက်အောင် နေရာရှာနေရသော လူနာနှင့်ကိုယ်လူနာကို စိတ်မချနိုင်ဘဲဖြစ်ကာ ဟိုနား အနေခက်ခက်.... ဒီနားအနေခက်ခက် ဖြစ်နေပုံများကို မသိကျိုးကျွံပြုလိုက်သည်။ ဟောက်စ်ဆာဂျင်ဆရာဝန်ပေါက်စနလေးတွေ တပြုံတမနှင့် တစ်အုန်းအုန်း တရှုပ်ရှုပ်ဝင်လာတော့ လူတွေက ရှဲခနဲဖြစ်ကာ ဘေးဖယ်လိုက်ကြ၏ ။

"ရွတုန်းက ရွကြပြီး၊ ခွဲမယ်စိတ်မယ်ဆိုတော့မှ ငိုယိုမနေကြနဲ့"

အော်...ဟော်...ဟော်....။ ဒီအသံကို သူကောင်းကောင်းကြီးကျက်မိနေပြီ။နှောအက်စ်သာ။ အပြာပေါက်အဆိုပေါက်ကတော့ ငါးစိမ်းတန်းက ငါးစိမ်းသယ်မတွေ ရှုံးလောက်ပေရဲ့။အင်မတန်မှ မညှာမတာပြောလည်းတယ်ပြီး အရသာ တွေ့နေတယ်မှတ်တယ်။ ရုပ်ရည်လေး သနားကမားနဲ့မယ်။ ဟား...ဟား...။ သူ့ကိုတောင်ပြန်ပြီး ဆုံးမဩဝါဒ ပေးနေဦးမလားမသိ။ သိပ်လွယ်တဲ့ မိန်းမတော့ မဟုတ်ဘူးထင်ရဲ့။သူ့ကိုယ်သူ ဆေးရုံအုပ်ထင်နေသလားမသိ။

အင်း...ခက်တယ်။ ဆေးရုံမှာရှိတဲ့ တာဝန်ကျ ဆရာဝန် ဆရာမနဲ့၊ သန့်ရှင်းရေး အလုပ်သမားကအဆုံး အားလုံးလိုလိုဟာ စိတ်ကြီးဝင်နေကြပြီး ပုံမှန်မဟုတ်ကြတော့။ မူမှန် မဟုတ်ကြတော့။ခက်ရော်ကြမ်းရှကာ ပမာမခန့်လုပ်နေကြပြီး လူတွေကို တစ်နေ့တစ်ခြား လူတွေလို မဆက်ဆံတတ်ကြတော့။ ဆေးရုံအလုပ်သမားတွေကလည်း လည်ပင်းညှစ် ငွေရှာနေကြ၏ ။ ယုတ်စွအဆုံး ဆေးရုံအပေါက်ဝကို လုံခြုံရေးအရ

တာဝန်ယူစောင့်ပေးရတဲ့ အပေါက်စောင့်တွေက အစ စာရိတ္တမဏ္ဍိုင် ခြကိုက်နေကြပြီ။ ဆရာဝန်၊ ဆရာမတွေကလည်း ဘာထူးသေးလဲ။ ပိုက်ဆံခန်း လူနာတွေကို အသံထွက်တစ်မျိုး၊ဝေါဟာရတစ်မျိုး ဘာသာဗေဒတစ်မျိုးနဲ့။ ချွဲနွဲ့တီတာ ပျူငှာနေကြပြီး၊ ဘာမှ မတတ်နိုင်ရှာတဲ့ လူမွဲစာရင်းဝင် အပလာ၊ ကချလာ တွေကျတော့ သဟောက်သဟမ်း ဘာသာဗေဒ၊ဟိတ်ဟန်ကြီးကြီး ဝေါဟာရတို့ဖြင့် ခွဲခြားလော်မာစွာ ဆေးကုသနေကြပေ၏ ။

လူနာရှင်များ၏ အကြည့်များ၊ တီးတိုးစကားသံများကို ဘယ်တစ်ဦးတစ်ယောက်တစ်လေမှ လိပ်ပြာမလုံမဖြစ်ကြတော့ချေ။ အားလုံးသည် အရေထူလျက်ရှိကြပေပြီ။ ငွေကြေးသည် လည်းကောင်း၊ ဂုဏ်ပကာသနသည်လည်းကောင်း၊ အရှိန်အဝါနှင့်ဩဇာသည်လည်းကောင်း၊ ရာထူး ဂုဏ်ထူးတို့သည်လည်းကောင်း၊ သူတို့တစ်တွေ၏ စိတ်ဓာတ်တွေကို ယိုင်နဲ့ပြိုလဲ အောင်တရိရိ တိုက်စားချေဖျက်ခဲ့ပြီး ဖြစ်လေသည်။

သူကိုယ်တိုင်ကကော...သူခွဲစိတ်ခသည် ကြေးအကြီးဆုံး ဖြစ်နေတတ်ပြီး။ အကြောင်းပြချက်မှာ အလွန်အင်မတန်တော်၍ ပကတိနီးပါး ပြန်ထူမတ်နိုင်အောင် ကုသပေးနိုင်တယ်ဟူသော မက်လုံး။ ငွေကြေးစကားကိုတော့ သူပြောစရာ ဆွေးနွေးစရာမလိုချေ။ ဒါက သူ့ကိစ္စလည်းမဟုတ်ချေ။ ဒါတွေက နောအက်စ်သာရဲ့ နှုတ်မြွက်ဟချက်များသားဖြစ်ပေသည်။ သူက ခေါင်းညိတ်ခေါင်းခါ လိုက်ရုံသာ။

တစ်ရက်တွင်သူသည် “ဆေးရုံအုပ်ကြီးရုံးခန်း” ဟူသောသူ၏ သီးသန့်နားနေခန်းဆောင်ထဲ ၌ အနားယူနေစဉ် မနေ့တစ်နေ့ကမှ ဆေးရုံမှာဟောက်စ်လာဆင်းသော ဒေါက်တာစိမ်းလဲ့လဲ့ခိုင်ဟူသော မိန်းမရွယ်တစ်ယောက်သွေးပျက် ထိတ်လန့်ခြောက်ခြားကာ အယောင်ယောင်အမှားမှား ကယောင်ကယမ်းဖြင့် သူ့ရုံးခန်းထဲ ယိမ်းထိုးလှုပ်ခါ ပြေးဝင်လာလေ၏ ။ သူမနောက်ပါးဆီမှာလည်း တာဝန်ခံ ဆရာဝန်၊ ဆရာမများ

တစ်ချို့တလေ ပါလာကြသေးသည်။

“ဘာဖြစ်တာလဲ”

သူက နောက်မှီလန်ထားသော သူ့ဦးခေါင်းကိုပင် ထူမတ်ခြင်းမရှိဘဲ ဘာမှ ထူးခြားမှု မဖြစ်လိုက်သလို အေးအေးသက်သာပင် မေးလိုက်လေသည်။

“ဆရာ…ဆရာ”

မိန်းမရွယ်သည် သူ့ခြေထောက်ကို ပြေးမဖက်ရုံတမယ် ဖြစ်နေပြီး ကတုန်ကရီဖြစ်ကာ ရှိုက်ငင်ထစ်အလျက် ဗလုံးဗထွေး ပြောပြန်၏ ။

“စိမ်း..စိမ်း…ကယ်ပါဦးဆရာ၊ စိမ်းကို…စိမ်းကို”

အခြားသော လက်ထောက်ဆရာဝန်များ ဆရာမများ မျက်နှာအပျက်ပျက်ဖြစ်ကာ တစ်ယောက်ကိုတစ်ယောက် ပြူးပြူးပြာပြာ ကြည့်လိုက်ကြပြန်ပါ၏ ။

“ဘာဖြစ်တာလဲလို့….ကျုပ်မေးနေတယ်လေ”

“ပွိုင့်…ပွိုင်စင်”

“ဘာ….”

သူက ဝုန်းခနဲ ထရပ်လိုက်တော့ အခန်းတွင်း၌ အသက်ရှူသံပင် မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။ မိန်းမရွယ်က ထိတ်လန့်တကြီး သူ့ကို ကြည့်လျက်။ အခြေအနေမှန်ကို သူ တစ်ခဏချင်းပင် သဘောပေါက်သွားကာ စိတ်ကို တည်ငြိမ်အောင် စုစည်းလိုက်ရင်းက လက်ကာပြကာ ပြန်ထိုင်လိုက်သည်။

“အိုကေ…စိတ်အေးအေးထား…မင်းပြောမယ်ဆိုရင် အဲ့ဒီ ကုလားထိုင်မှာ ထိုင်လိုက်၊တာဝန်ကျတွေနေခဲ့၊ ကျန်တဲ့သူတွေ ကိုယ့်ပါးစပ်ကိုယ်ပိတ်ပြီး ကိုယ့်ဂျူတီ ကိုယ်ပြန်ဝင်ပါ…ရပြီ”

“ကျွန်မ…ကျွန်မရဲ့ ပေးရှင့်လေ…ကျွန်မကြောင့် …ကျွန်မကြောင့်… ပို့ုင့်…ပို့ုင်စင်”

“ဆေးမှားသလား”

“အင့်”

“ဟော့ …မင်းမျက်ရည်ကိုသုတ်စမ်း ….အခု အဲဒီ ပေးရှင့် ဘာဖြစ်သွားသလဲ…သေပလား”

“အ…အသက်ရှူရပ်…ရပ်သွား…ဟင့်…ဟင့်အင်း…ဟင့်အင်း……အို”

သူမသည် အရူးတစ်ယောက်လို မြည်တမ်းယောင်ရမ်းလျက် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ ရှိုက်ခနဲ ငိုချလိုက်လေ၏။ သူမ၏ တာဝန်ခံ ဆရာဝန် ဆရာမများမှ မျက်နှာအလွန်အင်မတန်သေလျက်။

“ဖြန်း”

“စားပွဲကို လက်ဝါးဖြင့် ဖြန်းခနဲမြည်အောင် ရိုက်ချရင်း….”

“တိတ်စမ်း…”ဟုသူက ကျားဟိန်းသလို ကျယ်ကျယ်လောင်လောင် ဟောက်ချပစ်လိုက်တော့၊ ဆတ်ခနဲ ခန္ဓာကိုယ်တုန်ခါသွားပြီး သူ့ကိုထိတ်လန့်စွာ မော်ကြည့်လေ၏ ။

ဒီလောက်ကြီး မူပျက်နေရအောင် မင်းက ဆရာဝန်မဟုတ်ဘူးလား

သူမက မျက်ရည်ရွှဲသော မျက်လုံးများဖြင့် သူ့ကို အားကိုးတကြီး အဖြေရှာကြည့်လေ၏ ။

“မင်းနာမည်ဘာလဲ

စိမ်း…စိမ်းလဲ့လဲ့ခိုင်ပါဆရာ

ကောင်းပြီ ဒေါက်တာ၊ မင်း… ဣန္ဒြေဆယ်ပြီးတော့

လူနာမှတ်တမ်းကိုရေးစမ်း၊ လူနာရဲ့ မူလရောဂါမှတ်တမ်း ကျုပ်ကိုပြ… ကနေ့အထိ မင်းဘာတစ်ခုမှ မမှားခဲ့သေးဘူး။ ဘာဆိုဘာမှ မင်းမမှားခဲ့ဘူး…ဟုတ်ပြီလား…၊ ကျုပ်ပြောတာ သဘောပေါက်သလား

ဟုတ်…ဟုတ်ကဲ့ဆရာ

ကဲ…ကဲ ကျုပ်ပြောတဲ့အတိုင်း ဆောင်ရွက်ချည်…ပြီးရင်၊ ကျုပ်လာခဲ့မယ်။ လူနာရှင်တွေကို ကျုပ်တွေ့မယ် ဟုတ်ပြီလား

သူသည် လူနာရှင်များအား လူနာ၏ ဆေးမှတ်တမ်းများ၊ ဓာတ်မှန်ပြားများနှင့်တကွ ရောဂါလက္ခဏာက ဘယ်သို့ဘယ်ပုံဟူ၍ အရေးတယူ ရှင်းပြကာ ပိုင်ပိုင်နိုင်နိုင် ပိပိရိရိ ဖုံးဖိလှည့်စားသွားခြင်းဖြင့် နောက်ဆုံးတွင် အထောက်အထားနှင့်တကွ မငြင်းသာ၊ မလှုပ်သာအောင် ပြောဆိုနိုင်ခဲ့ပေ၏ ။ လူနာ၏ အသုဘကိစ္စများကိုလည်း အရေးတယူလုပ်ကာ မေးမြန်းပြောဆိုခြင်း ပြုခဲ့လေသေး၏ ။

ဆေးကုသနေရင်းက အခြေအနေ ကောင်းမွန်တိုးတက်သလိုလို ရှိနေရာမှ ရုတ်တရက် ကောက်ကာငင်ကာ ဖြစ်ရခြင်းမှာ အခြားအမည်မပေါ်လွင်သော ရောဂါတစ်ခု လူမမာတွင် အစောကြီးကတည်းက ရှိနေသည်ဟူသော ဆရာဝန်ကြီး၏ နှုတ်ထွက်စကားတစ်ခွန်းနှင့်ပင် ထိုကိစ္စသည် ဖြစ်ချိန်တန်၍ ဖြစ်ရသည့်ကိစ္စ၊ သေချိန်တန်၍ သေရသည့် သာမန်ကိစ္စတစ်ခုမျှသာ ဖြစ်လေလျက် ဆရာဝန်ကြီးကိုယ်တိုင် ကုသပေးလျက်ကယ်နဲ့ ဖြစ်ရတာ တော့ မတတ်နိုင်ဘူးပေါ့ကွယ်ဟူ၍ လူနာရှင်များ၏ ကြည်ညိုခြင်းများကိုပါ အဆစ်ရလိုက်ချေသေးသည်။ သူ၏ လိမ္မာကျွမ်းကျင်မှု၊ ပါးရည်နပ်ရည်ရှိမှုတို့က သူ့ကိုသူတော်ကောင်းကြီးပဲ၊ ကျေးဇူးရှင်ကြီးပဲဟူသော ဂုဏ်ပုဒ်ကို ထပ်မံရရှိစေခဲ့လေ၏ ။

နားချိန်၊ အားချိန်များတွင် သူသည်သူ့ကိုယ်ပိုင် တိုက်ခန်းအပိုတစ်ခု၌

အေးအေးလူလူ အပမ်းဖြေကာ ဂီစကီအရက်ကလေး တမြမြနှင့် ဇိမ်ကျလျက်နေနိုင်လေသည်။ တစ်နှစ်၊ နှစ်နှစ်ဟူသော ကာလတို့ကို အင်နာကပင် မမှုတော့ပြီလော မဆိုတတ်။ မနေ့တစ်နေ့ကလို မှတ်ထင်ယူဆသည်လော မဆိုတတ်။ လင်သည်ကို တစ်ချက်တလေ တခုတ်တရလုပ်၍ ပြန်လာကြည့်ဖော်ပင်မရ။ သူ့အပေါ်ပင် အချစ်ကုန်ခန်းသွားပြီလော။ သို့တည်းမဟုတ် ဖအေနှင့် သမီးကိုသာ ကမ္ဘာတည်လျက် အင်္ဂလန်မြေမှာပဲ ပျော်မွေ့နေပြီလော။ သူ့ကိုသာ မလာနိုင်မှန်းသိလျက်၊ မလိုက်နိုင်မှန်းသိလျက် အတွင်တွင်သာခေါ်နေပြီး သူမကိုယ်တိုင်မူ တစ်ချက်ကလေးမှ ပြန်လာဖော်မရ။

ကောင်းသည်ပင်။ သူ့မှာ သူ့အကြိုက်နေရုံပေ့ါ။ အရက်ကလေးသောက်လိုက်၊ စိတ်ကူးယဉ်အတွေးများလိုက်၊ ဆေးရုံဆေးခန်း ပြေးလိုက်နှင့် အတော်ကလေး နာရီစည်းချက်ကိုက်နေပေပြီ။ မင်းကမှ မပြန်လာဘူးဆိုတော့လည်း ရပါတယ်။ ကိုယ်က ဘာဖြစ်မှာလိုက်လို့။ မင်းထားခဲ့တဲ့ စည်းစိမ်ပုံကြီးထဲမှာ နေမလား။ကိုယ့်ကိုယ်ပိုင် အရည်အချင်းနဲ့ ဖြစ်ပေါ်လာတဲ့ အောင်မြင်ထင်ရှားလာမှုအပေါ်မှာ သာယာမလား။ ကြိုက်တာဖြစ်လို့ရသည်။

“ကလင်...ကလင်”

လူခေါ်ဘဲလ်တီးသံမြည်လာသဖြင့် သူက ဇဝေဇဝါ ဖြစ်ကာ အမူးပြေလုပြေခင် ဖြစ်သွားသည်။ သူ့ဆီ အလည်အပတ်လာရန် ဘက်တူသော မိတ်ဆွေမရှိ။ ဆေးရုံကိစ္စများအရေးကြီးလို့ နော်အက်စ်သာများ သူ့ထံလိုက်လာသလား။ မဖြစ်နိုင်။ ဒီနေရာကို သူ ဘယ်သူ့ကိုမှ မပြောပြဖူးဘူးလေ။ အင်နာများပြန်လာသလား။

“ဘယ်သူပါလိမ့်”

တွေဝေအံ့အားသင့်စိတ်ဖြင့် ဒုတိယအကြိမ် လူခေါ်ခေါင်းလောင်း အမြည်မှာ အခန်းတံခါးကို ထဖွင့်လေသည်။ သူ့မျက်လုံးများမှာ ပိုလို့

ပြုံးကျယ်သွားကြကာ မယုံကြည်နိုင်သလို လွတ်ခနဲ အော်မိလေတော့၏ ။

“ဒေါက်တာ…ဒေါက်တာ စိမ်းလဲ့လဲ့ခိုင်”

“ဟုတ်ကဲ့ …ဆရာ၊ကျွန်မကို ဝင်ခွင့်ပြုပါဦး”

သူမအသံက ပုံမှန်အတိုင်း ရှုတတ ချိုလွင်လွင်ပဲဖြစ်သည်။

“အော်…ဝင်ပါ ဒေါက်တာ…ဝင်ပါ”

“ဆရာ…အနားယူနေချိန်ဖြစ်လို့ စိတ်အနှောင့်အယှက်များ ဖြစ်သွားသလားမသိဘူးနော်”

“ဟိုး..မဖြစ်ပါဘူး၊ မဖြစ်ပါဘူး….ဒါက စိတ်အနှောင့်အယှက်ဖြစ်စရာကိစ္စမှ မဟုတ်တာ။ ဧည့်သည်လာတာပဲ…ကျုပ်လည်း တစ်ယောက်ထဲ ပျင်းပျင်းရှိတာနဲ့ ဧည့်မျှော်မလား တွေးနေတာ။ ခင်ဗျားရောက်လာတာ ကျေးဇူးတင်စရာပေါ့ဗျာ…ကဲ….ထိုင်”

“ဆရာ…. အခုလို ပြောဖော်ရတဲ့အတွက် စိမ်း…ဝမ်းသာပါတယ် ဆရာ”

“ကိစ္စအထွေအထူးရှိသလား”

“ဟင့်အင်း…မရှိပါဘူး၊ဆရာ့ဆီ သပ်သပ်လာချင်လို့ လာခဲ့တာ”

“ဟိုး…ဟိုး…ကောင်းတာပေါ့….အဲ… ဒါပေမယ့် ၊ကျုပ်ဆီမယ် ဧည့်ခံစရာတော့ ဘာမှမရှိဘူးဗျ။ ကျုပ်က တစ်ယောက်ထဲနေတာဆိုတော့ ဖြစ်သလိုပဲလေ”

“ကိစ္စမရှိပါဘူးဆရာ… စိမ်းကသာ ဧည့်ခံချင်း ဧည့်ခံဖို့ တာဝန်ရှိတာ မဟုတ်လား….ဆရာကြောင့် သာမဟုတ်ရင်….”

“အိုကေ… အိုကေ..ရပြီ…ရပြီ ဒါတွေ ပြောဖို့ မလိုဘူး။ ပြောလောက်အောင်လည်း ဘာမှဖြစ်ခဲ့တာမဟုတ်ဘူးလို့ ပြောခဲ့တယ်လေ

ဒေါက်တာရဲ့”

“ဆရာ့ကြည့်လိုက်ရင် အမြဲတမ်း ပျော်ရွှင်တက်ကြွနေတာပဲနော်”

“ဒါပေါ့ …ကျုပ်က ပျော်ပျော်ပဲနေတယ်၊ ပျော်ပျော်နေရင် သေခဲသတဲ့ ဒေါက်တာရဲ့။ လူ့ဘဝကြီးမှာ ပျော်ပျော်ပဲ နေချင်ပါတယ်ဗျာ….မဟုတ်ဘူးလား”

“ကောင်းပါတယ်..ပျော်ပျော်နေတတ်တဲ့ လူမျိုးကို စိမ်းသိပ်ပြီး သဘောကျတာပဲ”

“ဟား…ဟား…ဟား…တစ်ကယ်လား” ဒေါက်တာရဲ့၊ တစ်ကယ်သဘောကျသလား….ခင်ဗျားစကားကို ခင်ဗျား မပြင်ကြေး ဘယ်လိုလဲ”

“အို…ဆရာကလည်း စကားက ပြောပြီးရင် ပြင်ဖို့မဟုတ်တာ။ ပြင်ဖို့ပြောမယ်ဆိုရင် အစတည်းက ပြောလိုက်မှာတောင်မဟုတ်ဘူး”

“ကြိုက်ပြီဗျို့ ခင်ဗျားလေးက တော်တော်အပြောကောင်းတာပဲ … ကျုပ်တော့ကြိုက်သွားပြီဗျ… ဒေါက်တာစိမ်းလဲ့လဲ့ခိုင်ရေ”

♥ ♥ ♥